The Mirror

၁၃၆၇ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၆ ရက်၊ တနင်္လာနေ့၊ (3-4-2006) (၄၉၁၉)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်မည့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးအား နေပြည်တော်မြို့တော် နေပြည်တော်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင် ရုရှားနိုင်ငံ၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ထွက်ခွာသွားသော ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့အား နေပြည်တော်မြို့တော် နေပြည်တော်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်

နေပြည်တော်မြို့တော် ဧပြီ ၂

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စတာမီခေး(လ်) ဖရက်ကော့(ဗ်)၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၌ ချစ်ကြည်ရေးခရီး လည်ပတ်ရန် ယနေ့ နံနက် ၈ နာရီ မိနစ် ၂၀ တွင် နေပြည်တော်မြို့တော် နေပြည်တော်လေဆိပ်မှ အထူးလေယာဉ်ဖြင့် ထွက်ခွာသွားကြသည်။

ပို့ဆောင်နှုတ်ဆက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့ ဦးဆောင်သော မြန်မာကိုယ်စားလှယ်

စာမျက်နှာ ၃ ကော်လံ ၁ သို့☆

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ရုရှား ဖက်ဒရေးရှင်းနိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်မည့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ဒုတိယ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းတို့အား နေပြည်တော်မြို့တော် နေပြည်တော် လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၃-၄-၂၀၀၆
(တနင်္လာနေ့)

သဘာဝအခြေအနေပေးမှုများကို အသုံးပြု စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်

နိုင်ငံတော်အစိုးရသည် အမျိုးသားစီးပွားရေးဘဝ ရှင်သန်ဖွံ့ဖြိုးစေရေးအတွက် ပင်မလိုအပ်ချက်ဖြစ်သော စီးပွားရေး အခြေခံအဆောက်အအုံများစွာကို နိုင်ငံတစ်ဝန်း၌ ဖြန့်ကြက်တည်ဆောက်ပေးနေသည်။ မြန်မာနိုင်ငံသည် ရေမြေသယံဇာတ ပေါများကြွယ်ဝပြီး ရာသီဥတု ညီညွတ်မျှတသည့်အလျောက် စိုက်ပျိုးရေးဖြစ်ထွန်းသော အခြေခံကောင်းများဖြင့် ပြည့်စုံလျက်ရှိသည်။

မြန်မာနိုင်ငံတွင် စိုက်ပျိုးနိုင်သည့်မြေမှာ အကြမ်းဖျင်းတွက်ချက်မှုများအရ ဧရိယာ ဧကသန်း ၅၀ ခန့်ရှိသည်။ ယင်းသို့စိုက်ပျိုးနိုင်သည့်မြေဧရိယာအနက် ဧက ၂၆ သန်းကျော်တွင်သာ သီးနှံများ စိုက်ပျိုးလုပ်ကိုင်လျက်ရှိကြောင်း သိရသည်။

ထို့ကြောင့် နယ်မြေဒေသအလိုက် စိုက်ပျိုးဖြစ်ထွန်းနိုင်သည့် မြေလွတ်မြေရိုင်းများကို ဖော်ထုတ်၍ အပြည့်အဝ စိုက်ပျိုးကြရမည်ဖြစ်သည်။ စိုက်ပျိုးမြေ ကျယ်ပြန့်စွာရှိသည့် ဒေသများတွင်လည်း စပါးနှင့် အခြားသီးနှံများ တိုးမြှင့်စိုက်ပျိုးခြင်း၊ မွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ခြင်းတို့ဖြင့် နိုင်ငံတော်၏ စီးပွားရေးသည် ယခုထက် ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

ယနေ့ကာလတွင် နိုင်ငံတော်က စိုက်ပျိုးရေးကဏ္ဍ ထုတ်လုပ်မှုမြင့်မားလာစေရေးအတွက် စိုက်ပျိုးရေ လုံလောက်စွာရရှိရေး၊ သီးနှံစိုက်ဧကများ တိုးမြှင့်နိုင်ရေး၊ ခေတ်မီစိုက်ပျိုးရေးနည်းပညာများ ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနိုင်ရေး အစီအမံများကို အခါမလပ် စီမံဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိသည်။

အထူးသဖြင့် စိုက်ပျိုးရေးကဏ္ဍတွင် အဓိကလိုအပ်ချက်ဖြစ်သည့် စိုက်ပျိုးရေရရှိရေးအတွက် ဆည်မြောင်းတာတမံ များ၊ ရေထိန်းတံခါးများ၊ မြစ်ရေတင် စီမံကိန်းများနှင့် မြေအောက်ရေရရှိရေး လုပ်ငန်းများကို ဖြန့်ကြက်တည်ဆောက်ပေးလျက်ရှိသည်။ ယခုအခါ နိုင်ငံတစ်ဝန်း၌ ဆည်မြောင်းတာတမံ ၁၈၄ ခုနှင့် မြစ်ရေတင်လုပ်ငန်းပေါင်း ၂၉၃ ခုအထိ တိုးတက်ဆောင်ရွက်ပေးထားပြီးဖြစ်ရာ လယ်ယာစိုက်ပျိုးမြေဧက ၂ ဒသမ ၄ သန်းကျော်ကို ပိုမိုအကျိုးပြုလျက်ရှိသည်။

သာဓကအားဖြင့် ဧရာဝတီတိုင်းကဲ့သို့ စိုက်ပျိုးမြေ ကျယ်ဝန်းများပြားသည့်ဒေသတွင် ၂၀၀၅-၂၀၀၆ ခုနှစ်က မိုးစပါးဧက ၃၆ သိန်းကျော်နှင့် နွေစပါးဧက ၁၂ သိန်းကျော် စိုက်ပျိုးနိုင်ခဲ့သည်။ ဧရာဝတီတိုင်းတွင် မိုးစပါး၊ နွေစပါး နှစ်ရပ်ပေါင်း စိုက်ပျိုးနိုင်မှုသည် တစ်နိုင်ငံလုံး၌ စိုက်ပျိုးနိုင်မှု၏ သုံးပုံတစ်ပုံရှိကြောင်း သိရသည်။

တိုင်းအတွင်း ကြက်၊ ဘဲမွေးမြူရေးလုပ်ငန်းအပြင် ငါး၊ ပုစွန်မွေးမြူရေးလုပ်ငန်းများကိုလည်း လုပ်ကိုင်လျက်ရှိရာ ငါးမွေးကန်ဧက တစ်သိန်းကျော်နှင့် ရေချို၊ ရေငန် မွေးမြူမှုတွင် ဧကလေးသောင်းကျော်ရှိကြောင်း သိရသည်။

ထို့အပြင် ခြစ်စည်းရိုး ကြက်ဆူပင်မှ ဇီဝဒီဇယ်ဆီကို ထုတ်ယူအသုံးပြုနိုင်သဖြင့် ခြစ်စည်းရိုးကြက်ဆူပင်များကို ကြိုးပမ်းစိုက်ပျိုးလျက်ရှိသည်။ ဧရာဝတီတိုင်း၌ သုံးနှစ်အတွင်း ခြစ်စည်းရိုးကြက်ဆူပင် ဧကငါးသိန်း ပြည့်မီစွာ စိုက်ပျိုးနိုင်ရေးအတွက် တပ်ရင်းတပ်ဖွဲ့များ၊ ကုမ္ပဏီများ၊ ဌာနဆိုင်ရာများနှင့် ပြည်သူများက ဝီရိယစိုက်ထုတ်ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ရာ နိုင်ငံတော်က လယ်ယာကဏ္ဍ စိုက်ပျိုးထုတ်လုပ်မှုမြင့်မားရေးအတွက် အားပေးကူညီ ဖြည့်ဆည်းပေးမှုများနှင့်အတူ ဒေသဆိုင်ရာ တာဝန်ရှိသူများနှင့် တောင်သူလယ်သမားများက မိမိတို့နယ်မြေဒေသအလိုက် သဘာဝအခြေအနေပေးမှုများကို အပြည့်အဝ အသုံးပြု၍ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအား ပိုမိုတိုးမြှင့်ဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ရွှေကျင် အထက(၁) မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဧပြီ ၂

၁၉၈၆ ခုနှစ်မှ စတင်၍ နှစ်စဉ် ကျင်းပမြဲဖြစ်သော မြတ်ဆရာပူဇော်ပွဲကို ပဲခူးတိုင်း ရွှေကျင်မြို့ (အထက-၁)တွင် တာဝန်ထမ်းဆောင်ခဲ့သော အသက်(၆၀) အထက်ရှိ ဆရာ၊ ဆရာမများအား ကျောင်းသား၊ ကျောင်းသူဟောင်းများက ဧပြီ ၈ရက်(စနေနေ့)တွင် ရွှေကျင်မြို့ အထက်တန်းကျောင်း၌ မြတ်ဆရာကန်တော့ပွဲ ကျင်းပမည်ဖြစ်သည်။ ဆရာ၊ ဆရာမများ ကြွရောက်ကန်တော့ခံနိုင်ပါရန်နှင့် ကျောင်းသားဟောင်းများ လှူဒါန်းလိုပါက ဦးငွေစိုး ဖုန်း-၂၀၁၁၂၃၊ ဒေါ်တင်ဝင်းကြည်(မူမူ) ဖုန်း-၅၇၁၈၆၈ ဦးအောင်တိုး ရွှေကျင်အသင်း ဖုန်း-၂၄၁၈၃၀ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း စစ်တောင်း (ဆတ်သွားကုန်း) မြစ်ကျိုး-ဒိုက်ဦး ရထားလမ်း ဖောက်လုပ်ရေး စီမံကိန်း၏ စစ်တောင်း တူးမြောင်းဖြတ် တံတားတည်ဆောက်မည့်နေရာအား ကြည့်ရှုစစ်ဆေးစဉ်။ (ရထား)

ဗဟိုအလုပ်အမှုဆောင်ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း စစ်တောင်း (ဆတ်သွားကုန်း) မြစ်ကျိုး-ဒိုက်ဦး ရထားလမ်း ဖောက်လုပ်ပြီးစီးမှု စစ်ဆေး

ရန်ကုန် ဧပြီ ၂

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းသည် ဒုတိယဝန်ကြီး ဦးဖေသန်း လိုက်ပါ၍ ဧပြီ ၁ရက် နံနက်ပိုင်းတွင် ပဲခူး-မုတ္တမ ရထားလမ်း မိုင်တိုင်(၇၃)အနီးရှိ စစ်တောင်း(ဆတ်သွားကုန်း)မြစ်ကျိုး-ဒိုက်ဦး ရထားလမ်းဖောက်လုပ်ရေးစီမံကိန်းမှ ဆတ်သွားကုန်းဘူတာယာဒ်ဝင်း တည်ဆောက်မည့်နေရာသို့ ရောက်ရှိရာ စီမံကိန်း အင်ဂျင်နီယာ ဦးမျိုးဇော်တူးက ရထားလမ်းဖောက်လုပ်ခြင်းအတွက် မြေသားလုပ်ငန်းပြီးစီးမှု၊ တံတားများတည်ဆောက်ရေးအတွက် တိုင်းတာခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု၊ ဆတ်သွားကုန်းဘူတာယာဒ်ဝင်း တည်ဆောက်ခြင်းအတွက် မြေသားလုပ်ငန်း ဆောင်ရွက်မှုအခြေအနေများကို ပုံစံကားချပ်ဖြင့် ရှင်းလင်းတင်ပြရာ ဝန်ကြီးက လုပ်ငန်းအမြန်ပြီးစီးရေးအတွက် လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် စစ်တောင်း(ဆတ်သွားကုန်း)မြစ်ကျိုး-ဒိုက်ဦး ရထားလမ်း ဖောက်လုပ်ခြင်းအတွက် မြေသားလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို လည်းကောင်း၊ ပေ ၂၃၀ အရှည် နဂါးပေါက်ချောင်းတံတား တည်ဆောက်မည့် နေရာသို့ လည်းကောင်း၊ ပေ ၂၅၀အရှည် စစ်တောင်း တူးမြောင်းဖြတ် တံတား တည်ဆောက်မည့် နေရာသို့ လည်းကောင်း ရောက်ရှိစစ်ဆေးပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

ဆက်လက်၍ဗဟိုအလုပ်အမှုဆောင်သည် ဝေါမြို့နယ် ပြည်သူ့ခန်းမသို့ ရောက်ရှိပြီး ဝေါမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ဖွင့်လှစ်သော အမှုဆောင်များ စီမံခန့်ခွဲရေး (ဆင့်ပွား)သင်တန်း အမှတ်စဉ်(၁၁)နှင့် နွေရာသီသင်တန်းများဖွင့်ပွဲသို့ တက်ရောက်သည်။

အခမ်းအနားတွင် ဗဟိုအလုပ်အမှုဆောင်က အမှာစကားပြောကြား၍ မြို့နယ်အသင်း အတွင်းရေးမှူး ဦးချိုဦးက သင်တန်းများ ဖွင့်လှစ်ရခြင်း အကြောင်းကို ရှင်းလင်းတင်ပြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ပဲခူးတိုင်း(အရှေ့) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူး၍ ပဲခူးခရိုင်နှင့် တောင်ငူခရိုင်ရှိ မြို့နယ်များအလိုက် အမှုဆောင်များ စီမံခန့်ခွဲရေး(ဆင့်ပွား) သင်တန်း၊ ဂီတသုခုမသင်တန်း၊ အမျိုးသားယဉ်ကျေးမှုနှင့် စာရိတ္တပညာသင်တန်း၊ တိုင်းရင်းဆေးပညာသင်တန်း၊ အင်္ဂလိပ်စကားပြောသင်တန်း၊ ကွန်ပျူတာအခြေခံသင်တန်းနှင့် အားကစားသင်တန်း စသည့် နွေရာသီသင်တန်းများ ဖွင့်လှစ်သွားမည်ဖြစ်သည်။ (သတင်းစဉ်)

ထူးခြားသည့် နေ့အပူချိန်

(၂-၄-၂၀၀၆)

မကွေး

၃၈ ဒီဂရီ စင်တီဂရိတ်
(၁၀၁ ဒီဂရီ ဖာရင်ဟိုက်)

အောင်ဆန်းမိုးကုတ်ရိပ်သာ တရားစခန်းပွဲ

ရန်ကုန် ဧပြီ ၂

အင်းစိန်မြို့နယ် အောင်ဆန်းမြို့တောရ တပ်ဦးကျောင်းတိုက် မိုးကုတ်ဝိပဿနာမေ့ရိပ်သာ အဖွဲ့ခွဲ (၇၇)၌ (၁၀၆) ကြိမ်မြောက် ခုနစ်ရက်တရားစခန်းဖွင့်ပွဲကို ဧပြီ ၁ရက်ကကျင်းပရာ နိုင်ငံတော် သြဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ ရှာမပရိယတ္တိစာသင်တိုက်ကြီး၏ ပဓာန နာယက ဘဒ္ဒန္တ နန္ဒဝံသ ဆရာတော်ကြီးက သြဝါဒကထာ မြွက်ကြား ဖွင့်လှစ်ပေးသည်။ ထို့နောက် ပြည်တွင်းပြည်ပသာသနာပြုအောင်ဆန်းမိုးကုတ်ရိပ်သာ ပဓာန နာယက မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ သဒ္ဓမ္မ ကိတ္တိသာရ အရှင်သူမြတ်က ပဋိစ္စသမုပ္ပါဒ် သစ္စာတရားတော်များကို ဟောကြားပြသတော်မူပြီး ယောဂီ ၁၂၀၀ကျော် တရား အားထုတ်လျက်ရှိသည်။ (က-ပ)

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီးဖြစ်မြောက်ရေးအတွက် တနင်္သာရီတိုင်း မြိတ်ခရိုင် ပုလောမြို့နယ် ကံမော်ကြီးကျေးရွာမှ ဒေါ်ဒွေးရင်အား ရည်စူး၍ သားသမီးတစ်စုက ဒုတိယအကြိမ်အဖြစ် ငွေကျပ် ၃၀၀၀၀၀ကို ဘဏ္ဍာရေးမှူး ဦးဌေးမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လမ်းမတော်မြို့နယ်ရုံး၏ စီစဉ်ဆောင်ရွက်မှုဖြင့် နယ်လှည့်စာကြည့်တိုက်၊နံရံကပ်စာစောင်၊ ဓာတ်ပုံပြခန်းနှင့် ဟောပြောပွဲဖွင့်ပွဲ အခမ်းအနားကို မတ် ၂၄ရက်က လမ်းမတော်မြို့နယ် (၈)ရပ်ကွက် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ရုံးတွင် ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဦးမြင့်မောင်နှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးစောမောင်ကျော်တို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (မြို့နယ် ပြန်/ဆက်)

☆ **ရှေ့ဖုံးမှ**

အဖွဲ့အား နိုင်ငံတော် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်၊ နိုင်ငံတော် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွဲ့၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့် ၎င်းတို့၏ဇနီးများ၊ အစိုးရအဖွဲ့–အဖွဲ့ဝင်ဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများက နေပြည်တော်မြို့တော် နေပြည်တော်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

လိုက်ပါ

ပြည်ထောင်စု မြန်မာနိုင်ငံတော်– နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့နှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဇနီးဒေါ်ခင်ခင်ဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရ တင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး မြတ်ဟိန်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့် ဇနီး ဒေါ်မြင့်မြင့်စိုး၊ မွေးမြူရေးနှင့်ရေလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများနှင့် ဌာနဆိုင်ရာ အကြီးအကဲများ လိုက်ပါသွားကြသည်။ (သတင်းစဉ်)

(ဦးလှအောင်)–ဒေါ်ခင်စန်းတို့အားအမှူးထား၍ ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် (၁၀)ရပ်ကွက် ဓမ္မရာဇာလမ်းနေ ဦးတင်မောင်လွင်–ဒေါ်သန်းသန်းဌေးမိသားစုက ဒဂုံမြို့နယ် အမှတ်(၁၂) စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူတော်ငွေ ကျပ် တစ်သိန်းကို အနုနာယကဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ–နိ(ပင်မ)ဥက္ကဋ္ဌ ဦးအေးဖေထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ကျန်းမာကြံ့ခိုင်ရေး နေ့စဉ်ပုံမှန်လမ်းလျှောက်ပေး

အောင်ကျော်ကျော် (ကျန်းမာရေးပညာ)

ကျန်းမာခြင်းသည် လာဘ်တစ်ပါးဖြစ်သည်။ လူတိုင်းအသက်ရှည်လိုကြသည်။ အနာကင်းလိုကြသည်။ ကျန်းမာရေး ရတနာကား လောက၏ အဆင်တန်ဆာဖြစ်ပါသည်။

အသက်ရှည်၍အနာကင်းခြင်း၊ ရောဂါကင်းခြင်းတို့အတွက် ကြံ့ခိုင်သန်စွမ်းမှုသည် အဓိကကျသည်။ ကိုယ်လက်လှုပ်ရှားခြင်းသည် ဆေးတစ်ပါးဖြစ်သည်။

"သက်ရွယ်မရွေး ကျန်းမာရေး ကိုယ်လက်လှုပ်ရှား ကစားပေး"ဟု ဆိုရာတွင် လမ်းလျှောက်ခြင်းသည် အဓိကအားကစားနည်းတစ်ခုအဖြစ် ပါဝင်သည်။ အရွယ်သုံးပါးစလုံးနှင့် သင့်လျော်၏။ လုပ်ဆောင်ရန် လွယ်ကူပြီး တန်ဖိုးအရှိဆုံး ဖြစ်ပါသည်။

မြတ်စွာဘုရားရှင်သည် ကျန်းမာရေးအတွက် စင်္ကြံလျှောက်ခြင်း (လမ်းလျှောက်ခြင်း)ကိုအကျိုးတရားနှင့်တကွဟောပြောညွှန်ပြထားပါသည်။

မြတ်စွာဘုရားရှင်ဟောကြားထားသည့် စင်္ကြံလျှောက်ခြင်း အကျိုးတရား (၅)ပါးမှာ အောက်ပါအတိုင်းဖြစ်သည်–

- **ခရီးသွားလာနိုင်ခြင်း**
- **အားအင်ကြံ့ခိုင်ခြင်း**
- **ရောဂါအမျိုးမျိုး ကင်းစင်ခြင်း**
- **အစာကြေကျက်လွယ်ခြင်း**
- **သမာဓိတည်ကြည်ခြင်းတို့ ဖြစ်ကြသည်။**

အနာကင်းရုံ၊ ရောဂါကင်းရုံသာမက ကာယသုခ၊ စိတ္တသုခ၊ လူမှုရေးသုခတို့နှင့် ပြည့်စုံခြင်းကို **"ကျန်းမာခြင်း"**ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အဓိပ္ပာယ်ဖွင့်ဆိုထား၏။

လမ်းလျှောက်ခြင်းဖြင့် ကိုယ်၊ စိတ်၊ လူမှုရေးသုခ သုံးပါးစလုံးကို ရရှိနိုင်သည်။ လမ်းလျှောက်ခြင်းသည် ခက်ခဲပင်ပန်းသော အရာမဟုတ်ပါ။ အလေ့အကျင့်ရပါက အလွယ်တကူ ဆောင်ရွက်နိုင်ကြသည်။ ဆေးဝါးမလိုသော ရောဂါကာကွယ်နည်းလည်းဖြစ်သည်။ အသက်ကို ဉာဏ်စောင့်ကြောင်း လက်တွေ့ပြခြင်းလည်း ဖြစ်ပေသည်။ လမ်းလျှောက်ခြင်း၏ တန်ဖိုးကို ကောင်းစွာသိရှိခြင်း၊ အသိမှသတိ၊ သတိမှအကျင့်သို့ ရောက်အောင် ပြောင်းလဲပေးခြင်းဖြင့် အသက်ရှည် ကျန်းမာနိုင်စေကာ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးကိုလည်း အထောက်အကူပြုသည်။

ပုံမှန်လမ်းလျှောက်ခြင်းဖြင့် ကြွက်သားများတွင် အောက်စီဂျင်ဓာတ်ပိုမိုပြည့်ဝကာ သန်စွမ်းလာသည်။ နှလုံးကျန်းမာရေးအတွက် အဆုတ်အတွင်းသို့ လေကို ပြည့်ပြည့်ဝဝ ရှူသွင်းနိုင်သဖြင့် အဆုတ်အားကို ပိုမိုကောင်းမွန်စေနိုင်ပါသည်။

ထို့ပြင် ကိုယ်ခန္ဓာအတွင်းရှိ အညစ်အကြေး အကြွင်းအကျန်များကို ကိုယ်ခန္ဓာပြင်ပသို့ ပုံမှန်စွန့်ပစ်ခွင့်ရသည်။ ရောဂါများလည်း ကင်းစင်လာသည်။

လမ်းလျှောက်ခြင်းကို ဖွဲ့၊ လုံ့လ၊ ဝီရိယ အားစိုက်ခွန်စိုက် ပုံမှန်ပြုလုပ်ခြင်းဖြင့် အစာကြေလွယ်ကာ စားဝင် အိပ်ပျော်ပြီး အဆီဓာတ်လျော့နည်းကျဆင်းသွားကာ သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ အစာအိမ်ရောဂါ၊ ဝမ်းချုပ်ရောဂါများကို ကြိုတင်ကာကွယ်နိုင်ပါသည်။ ပို၍လည်း နုပျိုသည်။ ကြွက်သားများသန်စွမ်းပြီး သွက်လက်ဖျတ်လတ်ကာ လုပ်ငန်းဆောင်တာများကို ပိုမိုကောင်းမွန်စွာ ဆောင်ရွက်နိုင်ပါသည်။ အသားအရေကိုလည်း စိုပြည်စေသည်။

စိတ်ကျန်းမာရေးကိုလည်း အထောက်အကူပြုပါ သည်။ ကိုယ်ကာယကြံ့ခိုင်လာသည်နှင့်အမျှ စိတ်ဓာတ်လည်း တည်ကြည်ခိုင်မာလာမည်ဖြစ်သည်။ လေကောင်းလေသန့်ရှူကာ စိတ်ကူးစိတ်သန်းများ ထုတ်ရသည်မှာ ထူးကဲသောအရသာဖြစ်သည်။ ကြည်လင်လန်းဆန်းသောစိတ်ကို အခြေပြုကာ အကျိုးပြုလုပ်ငန်းများကို ဆောင်ရွက်နိုင်သည်။

တစ်ဦးချင်း လမ်းလျှောက်နိုင်ရုံသာမက ဆွေမျိုးမိတ်ဆွေသင်္ဂဟ၊ အပေါင်းအသင်းများနှင့်လည်း စုပေါင်းလမ်းလျှောက်နိုင်သည်။ ထို့ကြောင့် ပေါင်းသင်း ဆက်ဆံမှုကောင်းမွန်၍ လူနေမှုအသိုင်းအဝိုင်း ဝင်ဆံ့ကာ လူမှုရေးသုခပြည့်စုံခြင်း အကျိုးကျေးဇူးကိုလည်း ခံစားရပါသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ထုတ်ပြန်ကြေညာချက်များအရ ကိုယ်လက်လှုပ်ရှားမှု မရှိခြင်း(သို့မဟုတ်) ကိုယ်လက်လှုပ်ရှားမှု ချို့တဲ့ခြင်းကြောင့် ကမ္ဘာပေါ်တွင် နှစ်စဉ် လူဦးရေ နှစ်သန်းခန့်သည် ရောဂါဖြစ်ခြင်း၊ ကိုယ်ခန္ဓာ မသန်မစွမ်းဖြစ်ခြင်း၊ သက်တမ်းမစေ့မီ သေဆုံးခြင်းများကို ရင်ဆိုင်နေရကြောင်း သိရှိရသည်။

နှလုံးရောဂါ၊ ဆီးချိုရောဂါ၊ အဝလွန်ရောဂါ၊ သွေးတိုးရောဂါ၊ ကင်ဆာရောဂါနှင့် အရိုးပွရောဂါကဲ့သို့သော ရောဂါများဖြစ်ပွားရခြင်း၏ အကြောင်းရင်းများထဲတွင် လမ်းလျှောက်ခြင်းကဲ့သို့သော ကိုယ်လက်လှုပ်ရှားမှု မရှိခြင်းသည် အဓိကအချက်အဖြစ် ပါဝင်ပါသည်။

ထို့ကြောင့် ကိုယ်လက်လှုပ်ရှားမှုနည်းပြီး အထိုင်များခြင်းသည် အန္တရာယ်ရှိသော အလေ့အကျင့်ပုံစံများဖြစ်ကာ အသက်ကို တိုစေသည်။

မိမိ၏ နေ့စဉ်ပုံမှန်လုပ်ငန်း၊ လူမှုရေးလုပ်ငန်းများနှင့် ဆက်စပ်အဆင်ပြေစေမည့် လမ်းလျှောက်ခြင်းကို တစ်နေ့လျှင် အနည်းဆုံး နာရီဝက်ခန့် ပုံမှန်ပြုလုပ်ပေးခြင်းဖြင့် အကျိုးကျေးဇူးများစွာရရှိမည် ဖြစ်ပါသည်။

အားကစားကွင်းနှင့် လမ်းများပေါ်တွင် လမ်းလျှောက်ရန် အခြေအနေမပေးပါက အိမ်ပတ်ဝန်းကျင်နှင့် ရုံးဧရိယာအတွင်း၌ပင် လုပ်ဆောင်နိုင်ပါသည်။ နေ့စဉ် လူတစ်ဦးချင်းစီ၏ လုပ်ကိုင်သွားလာလှုပ်ရှားမှု၊ စားသောက် မှုတို့ပါဝင်သော နေထိုင်မှုဘဝပုံစံသည် တစ်ဦးချင်း၏ ကျန်းမာဖွံ့ဖြိုးရေးအတွက် အဓိကကျနေပါသည်။

ကျန်းမာရေးကောင်းမွန်မှသာ နိုင်ငံတော်၏ ကုန်ထုတ်စွမ်းအားများကို တိုးမြှင့်စေမည်ဖြစ်ပါသည်။

နိုင်ငံတော်အနေဖြင့် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် မူဝါဒများချမှတ်၍ နိုင်ငံနှင့်အဝန်း နယ်စပ်ဒေသများပါမကျန် ကျန်းမာရေးအဆင့် မြှင့်တင်ခြင်း၊ ကုသမှုလုပ်ငန်းများ အရည်အသွေးတိုးမြှင့်ခြင်း၊ ကျွမ်းကျင်သူများ တိုးမြှင့်ခန့်ထားခြင်း စသည့် လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက် ရှိပါသည်။

သို့အတွက် ပြည်သူများအနေဖြင့်လည်း မိမိတို့တစ်ဦးချင်းစီ၏ ကျန်းမာကြံ့ခိုင်ရေးအတွက် လမ်းလျှောက်ခြင်းကို အလေးထား ဆောင်ရွက်ကြရန် အထူးလိုအပ်ပါသည်။

"စောစောအိပ်လို့၊ စောစောထလို့၊ စောစောလမ်းလျှောက်ကြပါစို့" ဟူသော ဆောင်ပုဒ်နှင့်အညီ စောစောအိပ်ပြီး စောစောထ လမ်းလျှောက်ခြင်းဖြင့် ငွေမကုန်၊ အချိန်မကုန်သည့် လေ့ကျင့်ခန်းတစ်ခုကို ပြုလုပ်ခြင်းပင် ဖြစ်သည်။ သက်သောင့်သက်သာ လွယ်လွယ်ကူကူဖြင့် ကျန်းမာရေးစောင့်ရှောက်မှုကို မိမိကိုယ်တိုင် ပြုမူဆောင်ရွက်ခြင်းလည်း ဖြစ်ပါသည်။

ထို့ကြောင့် ငွေကြေးကုန်ကျမှု စရိတ်စက လုံးဝမရှိဘဲ မိမိတို့၏ ကျန်းမာရေးကို အထောက်အကူပြုနိုင်သော နေ့စဉ် နာရီဝက်ခန့် ပုံမှန် လမ်းလျှောက်ခြင်းဖြင့် ကျန်းမာကြံ့ခိုင်သောဘဝကို ထူထောင်နိုင်ကြစေရန် တိုက်တွန်းလိုက်ပါသည်။ ။

ကိုယ့်အားကိုယ်ကိုး ကွန်ကရစ်လမ်းဖွင့်ပွဲကျင်းပ

ရန်ကုန် ဧပြီ ၂

ရန်ကုန်အနောက်ပိုင်းခရိုင် မရမ်းကုန်းမြို့နယ် (၂)ရပ်ကွက် ကိုယ့်အားကိုယ်ကိုး အောင်မေတ္တာ ကွန်ကရစ်လမ်းမ ဖွင့်ပွဲအခမ်းအနားကို မတ် ၁၉ ရက် နံနက် ၇နာရီက ကျင်းပသည်။

အခမ်းအနားတွင် အခမ်းအနားမှူးအဖြစ် ရပ်ကွက်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အမှုဆောင် ဒေါ်မြင့်မြင့်ဝေက ဆောင်ရွက်ပြီး ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးသာဝင်းက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တိုင်း အလုပ်အမှုဆောင် ဦးမင်းသိမ်း၊ ခရိုင် အတွင်းရေးမှူး ဦးနေဝင်းနှင့် လမ်းဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးတင်ကိုတို့က လမ်းသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)** (ကြေးမုံ)

မူးယစ်ကင်းစင် အလှဆင်

မိုးကုတ်ဝိပဿနာ ခုနစ်ရက် တရားစခန်း

ရန်ကုန် ဧပြီ ၂

မြောက်ဥက္ကလာပမြို့နယ် ကျောက်ရေတွင်းရပ်ကွက် ဇောတိက (၁)လမ်း၊ မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ (၁၈၈)၊ မဟာဝိသုဒ္ဓါရုံ ကျောင်းတိုက်တွင် မိုးကုတ်ဝိပဿနာ ခုနစ်ရက် တရားစခန်းပွဲကို ကမ္မဋ္ဌာနာစရိယ နယ်လှည့်ဓမ္မကထိက ဆရာတော် ဦးဝိသုဒ္ဓနှင့် နယ်လှည့်ဓမ္မကထိက ရေနီဆရာတော် ဦးဓမ္မပီယ၊ နယ်လှည့်ဓမ္မကထိက ဦးသိန်းမြင့်တို့က နိဗ္ဗာန်ရောက်ကြောင်းတရားဓမ္မကို ဟောကြားမည်။ တန်ခူးလဆန်း ၁၄ ရက် (ဧပြီ ၁၁ ရက်) ညနေ ၃ နာရီ အရောက် အိပ်ရာလိပ်နှင့် ပစ္စည်းများကို ယူဆောင်လာကြရန် နှိုးဆော်ထားသည်။ (က–ပ)

ပေးအပ်လှူဒါန်း

ရန်ကုန်မြို့ ဒဂုံမြို့နယ် ဦးဝိစာရအိမ်ရာ တိုက်(၃၁)နေ ဦးကျော်မောင်–ဒေါ်မေကြည်တို့၏ နှစ်(၅၀)ပြည့် ရွှေရတုမင်္ဂလာအထိမ်းအမှတ် ဆေးပဒေသာပင် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။ (ဘိုးဘွားရိပ်သာ)

ဘာရိန်းနိုင်ငံ ကမ်းလွန်တွင် နစ်မြုပ်ခဲ့သောခရီးသည်တင်ရေယာဉ်အား ဆယ်ယူရေး ဆောင်ရွက်နေသည်ကို ဧပြီ ၁ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

ဘာရိန်းကမ်းလွန်ဒေသတွင် ခရီးသည်တင်ရေယာဉ်နစ်မြုပ် လူ ၅၇ ဦးထက်မနည်း သေဆုံး

မာနာမာ ဧပြီ ၁

လူ ၁၃၀ ကျော် တင်ဆောင်လာသည့် ပြည်ပခရီးသွားသူများ၏ သင်္ဘောတစ်စင်းသည် ဘာရိန်းနိုင်ငံ ကမ်းလွန်ဒေသတွင် နစ်မြုပ်သွားရာ လူ ၅၇ ဦးထက်မနည်း ရေနစ်သေဆုံးခဲ့ရကြောင်း ကမ်းခြေစောင့်တပ်ဖွဲ့မှ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက သောကြာနေ့တွင် ပြောကြားသည်။

အသက်မသေဘဲ ကျန်ရစ်သူ ၆၇ ဦးကို ရှာဖွေတွေ့ရှိခဲ့ကြောင်း၊ အာရှ၊ အာရပ်နှင့် ဥရောပနိုင်ငံသားများကို တင်ဆောင်လာသည့် အဆိုပါ သင်္ဘောနစ်မြုပ်ရာမှ အသက်မသေသူများ နောက်ထပ် တွေ့ရှိနိုင်ရန်အတွက် ကယ်ဆယ်ရေးလုပ်ငန်းများ စတင်လုပ်ဆောင်နေကြောင်း ပြည်ထဲရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက အယ်လ်–ဂျာဇီယာ ရုပ်မြင်သံကြားဌာနသို့ ပြောကြားသည်။

သေဆုံးသူအများစုမှာ စိစစ်ရေးကတ်ပြားများ ယူဆောင်လာခြင်းမရှိသဖြင့် မည်သူမည်ဝါဖြစ်ပြီး မည်သည့်နေရာမှလာကြသည်ကို ဆုံးဖြတ်ရန် ခက်ခဲလှကြောင်း ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးကြီး အယ်လ်–ဟက်ဆန်က ပြောကြားသည်။

အဆိုပါသင်္ဘောသည် ခရီးသည်များ မတန်တဆတင်ထားပြီးလူများတစ်ဖက်စောင်းနင်း စုပြုံနေထိုင်ခဲ့မှုကြောင့် သင်္ဘောနစ်မြုပ်ခဲ့ဖွယ်ရှိကြောင်း သင်္ဘောပိုင်ရှင်၏ ပြောကြားချက်ကို ကိုးကား၍ ရုပ်မြင်သံကြားဌာနက ပြောကြားသည်။

သင်္ဘောပေါ်ရှိ ခရီးသည်များတွင် ဗြိတိန်နိုင်ငံသား ၂၅ ဦး၊ ဖိလစ်ပိုင်နိုင်ငံသား ၂၀၊ တောင်အာဖရိကနိုင်ငံသား ၁၀ ဦးနှင့် အိန္ဒိယနိုင်ငံသား ၁၀ ဦးတို့ လိုက်ပါလာကြသည်ဟု ပြန်ကြားရေးဝန်ကြီး အဗ္ဗဒူလာက အဆိုပါရုပ်မြင်သံကြားဌာနသို့ ဆက်လက်ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

နိုင်ငံတကာ သတင်းများ

အီရန် နျူကလီးယားအစီအစဉ်နှင့်စပ်လျဉ်း၍ အိုင်အေအီးအေနှင့် ပူးပေါင်းရန် ရုရှားတိုက်တွန်း

မော်စကို ဧပြီ ၁

ကုလသမဂ္ဂ လုံခြုံရေးကောင်စီက အီရန်နျူကလီးယားပြဿနာနှင့် စပ်လျဉ်း၍ ထုတ်ပြန်ထားသည့် ကြေညာချက်ကို အီရန်က ဂရုတစိုက်လေ့လာကာ ကုလသမဂ္ဂ နျူကလီးယား စောင့်ကြည့်လေ့လာရေးအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်ပါရန် ရုရှားက ကြာသပတေးနေ့တွင် တိုက်တွန်းနှိုးဆော်လိုက်သည်။

ကုလသမဂ္ဂ လုံခြုံရေးကောင်စီဝင်များ တညီတညွတ်တည်း ထောက်ခံထားသည့် သဘောထားကို အီရန်အာဏာပိုင်များက စနစ်တကျလေ့လာပြီး နိုင်ငံတကာ အဏုမြူစွမ်းအင်အေဂျင်စီ (အိုင်အေအီးအေ)နှင့် ဖြေရှင်းစရာ ကျန်ရှိနေသည့် ပြဿနာများအပေါ် ပူးပေါင်းဆောင် ရွက်ရန် မိမိတို့ တိုက်တွန်းကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ အီရန်နိုင်ငံက ယူရေနီယံ သန့်စင်ရေးနှင့် ဆက်နွှယ်သည့် လုပ်ငန်းအားလုံးကို ရက် ၃၀ အတွင်း ရပ်ဆိုင်းထားရန် နှိုးဆော်ထားသည့် ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ ကြေညာချက်ကို ဗုဒ္ဓဟူးနေ့က ချမှတ်ခဲ့သည်။

အမေရိကန်၊ ဗြိတိန်၊ ပြင်သစ်၊ တရုတ်နှင့် ရုရှား စသည့် လုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင် နိုင်ငံများက ဗုဒ္ဓဟူးနေ့တွင် တညီတညွတ်တည်း သဘောတူညီမှုရရှိကာ အီရန်ကိစ္စကို ချမှတ်ခဲ့ခြင်းဖြစ်ရာ ရက်သတ္တပတ် သုံးပတ်ကြာ အငြင်းပွားမှု အဆုံးသတ်သွားပြီဖြစ်သည်။

ကြေညာ

အဆိုပါ ကြေညာချက်သည် လုံခြုံရေးကောင်စီ၏ တညီတညွတ်ရှိသည့် သဘောထား ထင်ဟပ်နေသည်ကို ဖော်ပြနေကြောင်း၊ ယင်းနျူကလီးယားအစီအစဉ်နှင့် ဆက်နွှယ်သည့် မရေရာမှုများ ဖယ်ရှားနိုင်ရေးအတွက် အီရန်နိုင်ငံအနေဖြင့် အိုင်အေအီးအေနှင့်အတူ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်နေကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာန၏ ကြေညာချက်တွင် ပါရှိသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

မီးလောင်မှုမှတ်တမ်း ဖိလစ်ပိုင်၌ ထုတ်ပြန်

မနီလာ ဧပြီ ၁

ဖိလစ်ပိုင်နိုင်ငံတွင် လွန်ခဲ့သည့် ငါးနှစ်တာကာလအတွင်း ပျမ်းမျှအားဖြင့် နေ့စဉ် မီးလောင်မှု ၂၆ ကြိမ် ဖြစ်ပွားခဲ့ကြောင်း မီးဘေးကာကွယ်စောင့်ရှောက်ရေးအဖွဲ့ (ဘီအက်ဖ်ပီ)က သောကြာနေ့တွင် ပြောကြားသည်။

၂၀၀၁ ခုနှစ်မှ ၂၀၀၅ ခုနှစ်တာကာလအတွင်း ဖိလစ်ပိုင်နိုင်ငံတစ်ဝန်းတွင် မီးလောင်သည့် အကြိမ်ပေါင်း ၄၆၇၁၉ ကြိမ် ဖြစ်ပွားခဲ့ကြောင်း၊ ယင်းကာလတွင်း မီးလောင်သည့် အကြိမ်မြင့်မားတိုးတက်ခဲ့သော်လည်း မီးသတ်သမားဦးရေသည် ကျဆင်းခဲ့သည်ဟု ဘီအက်ဖ်ပီက ပြောကြားသည်။

၂၀၀၁ ခုနှစ်တွင် မီးလောင်သည့် အကြိမ် ၇၂၁၃ ကြိမ် ရှိခဲ့ရာမှ လွန်ခဲ့သည့်နှစ်တွင် မီးလောင်သည့်အကြိမ် ၁၀၇၂၈ ကြိမ်အထိ ရှိခဲ့သည်။ အခြားတစ်ဖက်တွင်မီးသတ်သမားဦးရေသည် ၂၀၀၁ ခုနှစ်တွင် ၉၅၄၁ ဦး ရှိခဲ့ရာမှ လွန်ခဲ့သည့်နှစ်တွင် ၉၂၄၆ ဦးအထိ ကျဆင်းခဲ့သည်ဟု သိရသည်။

မီးလောင်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့ရသည့် ငွေကြေးပမာဏသည် ခန့်မှန်းခြေအားဖြင့် ၂၀၀၁ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၁၉ ဒသမ ၃ သန်းရှိရာမှ ၂၀၀၅ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၆၄ ဒသမ ၅ သန်းအထိ ကျဆင်းခဲ့သည်ဟု မှတ်တမ်းများအရ သိရှိရသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဂျပန်နိုင်ငံ မြို့တော်တိုကျိုရှိ တိုရှိမယ်ယန် ပျော်ရွှင်စရာဥယျာဉ်ကမ္ဘာတွင် ချယ်ရီပန်းများအကြား မိုးပျံရထားစီးနေသူများကို ဧပြီ ၁ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

အီရန် မြေငလျင်အတွက် ကယ်ဆယ်ရေးလုပ်ငန်းပြီးစီး

ဂါရပ်(အီရန်) ဧပြီ ၁

အီရန်နိုင်ငံ အနောက်ပိုင်းဒေသ၌ သောကြာနေ့က အင်အားပြင်းထန်သည့် မြေငလျင်လှုပ်ခဲ့ပြီးနောက် ကယ်ဆယ်ရေးလုပ်ငန်း ဆောင်ရွက်မှုမှာ စနေနေ့တွင် ပြီးဆုံးသွားပြီဖြစ်သည်။ ယင်းမြေငလျင်ကြောင့် လူ ၇၀ ထက်မနည်း သေဆုံးပြီး ရွာအမြောက်အမြား ပျက်စီးဆုံးရှုံးခဲ့ရကြောင်း ပြည်နယ်တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။

လိုရက်စတန်ပြည်နယ် အတွင်းရှိ ဒိုရောက်နှင့် ဘော်ရူဂျပ်ဒေသတစ်ဝိုက်တွင် လူ ၁၂၀၀ ကျော် ထိခိုက်ဒဏ်ရာရရှိခဲ့သည်ဟု ပြည်နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ အရေးပေါ်အဖွဲ့ အကြီးအကဲ အလီဘာရာဟီက ပြောကြားသည်။

ပြိုကျ

အသက်မသေဘဲ ကျန်ရှိသူများကို အဆောက်အအုံပျက်များ အောက်မှ အသက်ရှင်လျက်သား တူးဖော်ရရှိခဲ့ခြင်းဖြစ်သည်ဟု တာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။ ငလျင်ကြောင့် အထိအခိုက်အများဆုံးခံရသည့် ဒေသများတွင် အုတ်အဆောက်အအုံများ ပြိုကျပျက်စီးခဲ့ပြီး ရွှံ့အိမ်များမှာ ဖုန်မှုန့်အဖြစ်သို့ ရောက်ရှိသွားခဲ့သည်။

ဖော်ပြပါဒေသမှ ကျေးရွာ ၃၃၀ မှာ ဆိုးဆိုးရွားရွားပျက်စီးခဲ့ရကြောင်း၊ သို့ရာတွင် နောက်ထပ်သေဆုံးသူ ဦးရေများပြားနိုင်ခြင်းမရှိနိုင်ကြောင်း ဘာရာဟီက ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

အီရန်နိုင်ငံ ခါလက်အလီဒေသတွင် မြေငလျင်ဒဏ်ကြောင့် ပျက်စီးနေသော အဆောက်အအုံအချို့ကို ဧပြီ ၁ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

တရုတ်နိုင်ငံတွင် လေးနှစ်အတွင်း နေလုံးဝကြတ်သည်ကို တွေ့မြင်နိုင်မည်

နန်ကျင်း ဧပြီ ၁

တရုတ်နိုင်ငံက နေလုံးဝကြတ်သည်ကို လာမည့်လေးနှစ်တာကာလအတွင်း တွေ့မြင်နိုင်မည်ဖြစ်ရာ ဗုဒ္ဓဟူးနေ့က တစ်စိတ်တစ်ပိုင်း နေကြတ်သည်ကို တွေ့ခဲ့ရမှုကြောင့် အားမလိုအားမရဖြစ်နေမှုကို ဖြေသိမ့်ပေးနိုင်ဖွယ်ရှိကြောင်း ခရမ်းရောင်တောင်တန်း လေ့လာရေးစခန်းမှ ကျွမ်းကျင်သူတစ်ဦးက ကြာသပတေးနေ့တွင် ပြောကြားလိုက်သည်။

နေလုံးဝကြတ်မည့် ဖြစ်ရပ်နှစ်ခုသည် ၂၀၀၈ ခုနှစ် ဩဂုတ်လ ၁ ရက်နှင့် ၂၀၀၉ ခုနှစ် ဇူလိုင်လ ၂၂ ရက်တွင် ပေါ်ပေါက်လာမည်ဖြစ်ကြောင်း ဖော်ပြပါစခန်းမှ ကျွမ်းကျင်သူ ဝမ်စီချောင်က ပြောကြားသည်။

တွေ့မြင်နိုင်

၂၀၀၈ ခုနှစ်တွင် ပေါ်ပေါက်မည့် နေကြတ်သည့်ဖြစ်ရပ်ကို တရုတ်နိုင်ငံ အနောက်မြောက်ပိုင်းတွင် တွေ့မြင်နိုင်ပြီး အခြားဖြစ်ရပ်တစ်ခုကို ယန်စီမြစ်တစ်လျှောက်ရှိ လူဦးရေထူထပ်သည့်ဒေသ၌ တွေ့မြင်နိုင်သည်ဟု ၎င်းက ပြောကြားသည်။ ဗုဒ္ဓဟူးနေ့က နေတစ်စိတ်တစ်ပိုင်း ကြတ်ခဲ့ပုံကို ကျင်ကျန်း၊ တိဘက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ နင်ကျားဟွီဒေသ၊ ကင်ဟိုင်း၊ ဂန်ဆုနှင့် စီချွမ်ပြည်နယ်တို့တွင် တွေ့မြင်ခဲ့ရသည်။***အမ်အင်အေ၊ဆင်ဟွာ။***

နိုင်ငံတကာ အာကာသစခန်းယာဉ်သို့ ရောက်ရှိသွားပြီဖြစ်သော အာကာသယာဉ်မှူး သုံးဦးနှင့် အဆိုပါစခန်းယာဉ်တွင် ရှိနေသည့် အာကာသယာဉ်မှူး နှစ်ဦးတို့ ကမ္ဘာမြေပြင်နှင့် ဆက်သွယ်ကာ သတင်းစာရှင်းလင်းပွဲပြုလုပ်နေသည်ကို ဧပြီ ၁ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အင်တာနက် သုံးစွဲသူဦးရေ တိုးတက်မှုနှုန်း နှေးကွေးလာ နိုင်ငံ ၁၂နိုင်ငံတွင် လေ့လာသည့် သုတေသနတွေ့ရှိချက်၌ ဖော်ပြ

နယူးယောက် ဧပြီ ၁

ယခုအခါ ကမ္ဘာတစ်ဝန်းတွင် အင်တာနက် အသုံးပြုသူဦးရေ တိုးတက်မှုနှုန်းမှာ သိသိသာသာ နှေးကွေးသွားသော်လည်း ကမ္ဘာ့ပြည်သူများသည် အလုပ်လုပ်ကိုင်ခြင်းနှင့် အပန်းဖြေခြင်းတို့အတွက် အင်တာနက်အပေါ် ပိုမိုမှီခိုအားထားလာကြောင်း သုတေသနလေ့လာချက်တစ်ရပ်တွင် ဖော်ပြထားသည်။

လွန်ခဲ့သည့်နှစ်က ကမ္ဘာတစ်ဝန်းတွင် အင်တာနက် အသုံးပြုသူဦးရေ တိုးတက်မှုနှုန်းသည် ၅ရာခိုင်နှုန်းမျှသာ ရှိခဲ့ကြောင်း၊ ၂၀၀၄ ခုနှစ်ကမူ အလားတူတိုးတက်မှုနှုန်းမှာ ၂၀ရာခိုင်နှုန်းအထိ ရှိခဲ့ကြောင်း အမေရိကန်သုတေသီများ၏ လေ့လာချက်တစ်ရပ်တွင် ဖော်ပြထားသည်။

၂၀၀၆ခုနှစ်တွင် အင်တာနက်အသုံးပြုသူ ဦးရေ တိုးတက်မှုနှုန်းသည် ပိုမိုနှေးကွေးသွားမည်ဖြစ်ကြောင်း နိုင်ငံပေါင်း ၁၂နိုင်ငံတွင် အခြေခံသည့် သုတေသနလေ့လာချက်တစ်ရပ်တွင် ဖော်ပြထားသည်။

အင်တာနက်သုံးစွဲသူဦးရေ တိုးတက်နှုန်းပိုမိုနှေးကွေးသွားသော်လည်း ကမ္ဘာတစ်ဝန်းတွင် အင်တာနက်အပေါ် မှီခိုအားထားမှု ပိုမိုများပြားလာသည်ကို တွေ့ရှိရသည်။ အသစ်ပေါ်ထွန်းလာသော ဝါယာလက်ကွန်ပျူတာများနှင့် မိုဘိုင်းဖုန်းတို့ ကဲ့သို့သော အီလက်ထရွန်းနစ်ကိရိယာများကို အသုံးပြု၍ အင်တာနက်နှင့် ပိုမိုချိတ်ဆက်လာကြသည်။

လာမည့်နှစ်များတွင် အင်တာနက် သုံးစွဲသူဦးရေ တိုးတက်မှုနှုန်းမှာ ပိုမိုနှေးကွေးလာနိုင်သော်လည်း ကမ္ဘာ့ပြည်သူတို့၏ လူနေမှုဘဝတွင် အင်တာနက်၏ အရေးပါမှုမှာ ပိုမိုများပြားလာနိုင်ကြောင်း အစ်ဆိုဆင်းဆိုက်အမည်ရှိ သုတေသနကုမ္ပဏီက ပြုလုပ်သော လေ့လာချက်တွင် ဖော်ပြထားသည်။

လွန်ခဲ့သည့်နှစ်က ကမ္ဘာတစ်ဝန်းတွင် အင်တာနက် အသုံးပြုသည့် နိုင်ငံများအနက် ဦးဆောင်နိုင်ငံမှာ ဂျပန်နိုင်ငံဖြစ်သည်။ ယခုအခါ ဂျပန်နိုင်ငံတွင် အင်တာနက် သုံးစွဲသူဦးရေသည် ၅၇သန်းခန့်ရှိသည်။ ဂျပန်နိုင်ငံသည် ကမ္ဘာပေါ်တွင် အင်တာနက်အခြေပြုစီးပွားရေးကို ဦးဆောင်လုပ်ရှားနေသည့် နိုင်ငံလည်းဖြစ်သည်။

အင်တာနက်။

ကန်တပ်ဖွဲ့ဝင်များ ကိုယ်ပိုင်ကျည်ကာအကျီ ဝယ်မဝတ်ရန် အမေရိကန်ကြည်းတပ်က ပိတ်ပင်ထား

ဝါရှင်တန် ဧပြီ ၁

အမေရိကန်စစ်ဘက်က ဖြည့်ဆည်းပေးသည့် ကျည်ကာအင်္ကျီအရေအတွက် လုံလောက်မှုမရှိသဖြင့် ကြည်းတပ်တပ်ဖွဲ့ဝင်များသည် ယင်းကျည်ကာအင်္ကျီကိုဂုင်းတို့ကိုယ်ပိုင် အသုံးပြုနိုင်ရန်အတွက် ဝယ်ယူနေကြရသည်။ အမေရိကန်တပ်ဖွဲ့ဝင်များသည် အမေရိကန်စစ်ဌာနချုပ်က ဖြည့်ဆည်းပေးသည့် ကျည်ကာအင်္ကျီများကိုသာ အသုံးပြုနိုင်ကြောင်း ကြည်းတပ်က သောကြာနေ့တွင် ပြောကြားသည်။

ဖြန့်ကြက်ထားသည့် အမေရိကန်တပ်ဖွဲ့ဝင်များအတွက် ကျည်ကာအင်္ကျီ လုံလုံလောက်လောက်ရှိကြောင်း အမေရိကန်စစ်ဌာနချုပ်မှ ပြောရေးဆိုခွင့်ရှိသူ ဘရိုင်ဟန်ဝှမ်တမန်က ပြောကြားသည်။

အမေရိကန်စစ်ဌာနချုပ်က ထုတ်ပေးသည့် ကျည်ကာအင်္ကျီများကို အမေရိကန်တပ်ဖွဲ့ဝင်များက အသုံးပြုစေရန် စစ်ဘက်ခေါင်းဆောင်များက ဆုံးဖြတ်ထားကြကြောင်း၊ အဘယ်ကြောင့်ဆိုသော် အမေရိကန်စစ်ဌာနချုပ်က ဖြည့်ဆည်းပေးသည့် အရည်အသွေးကောင်းမွန်ပြီး စမ်းသပ်မှုပြုလုပ်ထားသည့် ကျည်ကာအင်္ကျီများလောက် မကောင်းသည့် အခြားကျည်ကာအင်္ကျီများ ဝတ်ဆင်ခြင်းဖြင့် အန္တရာယ်မဖြစ်စေချင်၍ဖြစ်ကြောင်း ဝှမ်တမန်က ပြောကြားသည်။

အီရတ်စစ်မြေပြင်မှ မြေပြင်တပ်ဖွဲ့ဝင် အများစုအတွက် အမေရိကန်ကြည်းတပ်က ကျည်ကာအင်္ကျီကို ဖြည့်ဆည်းပေးခဲ့သော်လည်း အမေရိကန်မရိန်းတပ်ဖွဲ့ကမူ ယင်းတပ်ဖွဲ့ဝင်များအတွက် ယင်းပစ္စည်းအနည်းငယ်သာ ထုတ်ပေးခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

တရုတ်နိုင်ငံတွင် မြေငလျင်လှုပ်

ချန်ဒူး ဧပြီ ၁

တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်း ကျီလင်ပြည်နယ်တွင် သောကြာနေ့က ရစ်ချ်တာစကေးအရ အင်အား ၅ ရှိ မြေငလျင်လှုပ်ခဲ့သော်လည်း ပျက်စီးထိခိုက်မှုများမရှိကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

သောကြာနေ့ ဒေသစံတော်ချိန် ည ၈နာရီ ၂၃မိနစ်တွင် မြေငလျင်လှုပ်ခဲ့ခြင်းဖြစ်သည်။ ပြည်နယ်မြို့တော် ချန်ဒူး မြောက်ဘက် ကီလိုမီတာ ၂၀၀ခန့်အကွာ ဆောင်ယန်းမြို့ရှိ ကွင်ကျို့ စီရင်စုကို ဗဟိုပြု၍ မြေငလျင်လှုပ်ခဲ့ခြင်းဖြစ်သည်။

မြေငလျင်လှုပ်ခဲ့ပြီးနောက် နောက်ဆက်တွဲ မြေငလျင်နစ်ကြိမ် လှုပ်မှုဖြစ်ပွားကြောင်း ချန်ဒူးမြို့ရှိ မြေငလျင်တိုင်းတာရေးဗျူရိုက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဗြိတိန်နိုင်ငံ လန်ဒန်မြို့ရှိ ဝါတာလူး မြေအောက်ရထားဘူတာရုံတွင် သံလမ်းများ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ရထားတွဲများ သယ်ယူရွှေ့ပြောင်းလျက်ရှိသည်ကို ဧပြီ ၁ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ကန်တပ်ဖွဲ့ဝင်သေဆုံးမှု ၂၃၂၇ဦး ရှိပြီ

ဝါရှင်တန် ဧပြီ ၂

အမေရိကန် ဦးဆောင်သော အပေါင်းပါတပ်ဖွဲ့ဝင်များ အီရတ်ကို စတင်တိုက်ခိုက်သည့် ၂၀၀၃ ခုနှစ် မတ်လမှ ၂၀၀၆ ခုနှစ် ဧပြီ ၁ ရက်အထိ ကာလအတွင်း အီရတ်နိုင်ငံတွင် သေဆုံးရသော အမေရိကန်တပ်ဖွဲ့ဝင် စုစုပေါင်းသည် ၂၃၂၇ ဦး ရှိပြီဖြစ်ကြောင်း အေပီသတင်းဌာနမှတ်တမ်းများက ဖော်ပြသည်။

အထက်ပါ သေဆုံးစာရင်းတွင် ကန်စစ်ဘက်တာဝန်ကို ထမ်းဆောင်ရင်း သေဆုံးရသော အရပ်သားဝန်ထမ်း ခုနစ်ဦး၏စာရင်းလည်း ပါဝင်သည်။ ကန်တပ်ဖွဲ့ဝင် စုစုပေါင်း သေဆုံးစာရင်းအနက် ၁၈၂၄ ဦးမှာ ခုခံဆန့်ကျင်သော တိုက်ခိုက်မှုများကြောင့် သေဆုံးရခြင်းဖြစ်ကြောင်း ကန်စစ်ဘက် ထုတ်ပြန်ချက်များတွင် ပါရှိသည်။

အေပီသတင်းဌာန၏ သေဆုံးစာရင်းမှာ ကန်စစ်ဘက်မှ ထုတ်ပြန်သောစာရင်းနှင့် နှိုင်းယှဉ်လျှင် နှစ်ဦး လျော့နည်းနေသည်ဟု ဆိုသည်။

အင်တာနက်။

ဂလင်ဒါ အမည်ရှိ ဆိုင်ကလုန်းမုန်တိုင်း သြစတြေးလျနိုင်ငံတွင် တိုက်ခတ်

ကင်ဘာရာ ဧပြီ ၁

သြစတြေးလျနိုင်ငံတွင် မတ် ၃၁ရက် အစောပိုင်းက ဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

တိုက်ခတ်

အပူပိုင်း ဆိုင်ကလုန်းမုန်တိုင်းသည် သြစတြေးလျနိုင်ငံ၏ ရေနံနှင့် ဓာတ်သတ္တု တူးဖော်ရေး ဒေသတစ်ခုကို ဗဟိုပြု၍ တိုက်ခတ်ခဲ့သည်။ သို့ရာတွင် လူဦးရေ ထူထပ်သိပ်သည်းသော မြို့ပြဒေသများမှာ ဆိုင်ကလုန်း ဘေးအန္တရာယ်မှ လွတ်မြောက်သွားခဲ့သည်။

သတင်းမရ

ဂလင်ဒါ (Glenda)ဟူ၍ အမည်ပေးထားသော ဆိုင်ကလုန်းမုန်တိုင်းကြောင့် အကြီးအကျယ်ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်သည်ဆိုသော သတင်းများ လောလောဆယ် မရရှိပေ။ အင်အားအဆင့်-၄ ရှိ ဆိုင်ကလုန်းမုန်တိုင်းသည် နိုင်ငံအနောက်မြောက်ပိုင်း ဖီးလ်ဘာရာဒေသတွင် တိုက်ခတ်ခဲ့သည်။ တစ်နာရီလျှင် မိုင် ၁၅၀ နှုန်းဖြင့် မုန်တိုင်းတိုက်ခတ်ခဲ့ကြောင်း မတ် ၃၀ ရက် မွန်းလွဲပိုင်းတွင် အင်အားပြင်းထန်ခဲ့သော မုန်တိုင်းသည် မတ် ၃၁ရက် နံနက်ပိုင်းတွင် အင်အားလျော့သွားကြောင်း အရေးပေါ် ကယ်ဆယ်ရေးဌာနက ပြောကြားသည်။

အင်တာနက်။

ဆိုမာလီတွင် လောင်စာတင် သင်္ဘောတစ်စင်း ဓားပြတိုက်ခံရ

မိုဂါဒစ်ရှူး ဧပြီ ၁

ဆိုမာလီ ပင်လယ်ဓားပြများသည် ဆိုမာလီနိုင်ငံ၏ မြို့တော် မိုဂါဒစ်ရှူး မြောက်ဘက် ကီလိုမီတာ ၁၅၀ အကွာ ဒေသတွင် လောင်စာတင်သင်္ဘော တစ်စင်းကို အပိုင်စီးခဲ့ကြောင်း ဆိပ်ကမ်း တာဝန်ရှိ ပုဂ္ဂိုလ်များက ကြာသပတေးနေ့တွင် ပြောကြားသည်။

အဆိုပါ သင်္ဘောမှ လောင်စာများကို အယ်လ်-အက်ဒီသင်္ဘောဆိပ်တွင် ချထားပြီး ယင်းဆိပ်ကမ်းမှ ပြန်ထွက်ခွာခဲ့သည်။

အဆိုပါ သင်္ဘောသည် လောင်စာကုန်များ သင်္ဘောဆိပ်တွင် ချပြီးခဲ့သည့်နောက် အယ်လ်-အက်ဒီသင်္ဘော ဆိပ်မှ ကီလိုမီတာ ၁၅၀ အကွာ အက်ဒေးဒေသတွင် ဗုဒ္ဓဟူးနေ့က အပိုင်စီးခံခဲ့ရခြင်း ဖြစ်သည်ဟု အယ်လ်-အက်ဒီ သင်္ဘောဆိပ် အာဏာပိုင်အဖွဲ့မှ ဖြူအလီက ပြောကြားသည်။

ဆိုမာလီနိုင်ငံ၏ အိန္ဒိယသမုဒ္ဒရာ ရေပိုင်နက်သည် ဥပဒေမဲ့ဒေသဖြစ်နေပြီး ကမ္ဘာတစ်ဝန်းတွင် ကြောက်မက်ဖွယ်အကောင်းဆုံးဒေသတွင် ပါဝင်သည်။

အမ်အင်အေ၊ ရိုက်တာ။

အမေရိကန်နိုင်ငံကယ်လီဖိုးနီးယား ပြည်နယ် ဆန်ဒီယေဂိုမြို့တွင်လူဝင်မှုကြီးကြပ်ရေး ဥပဒေမူကြမ်းအား ကန့်ကွက် ဆန္ဒပြနေသူများကို မတ် ၃၁ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ရန်ကုန်မြို့တော် မိုင်(၃၀)ပတ်လည် စီမံလန်းစိုပြည်ရေး စီမံခန့်ခွဲရေး ကြီးကြပ်မှုကော်မတီ၏ ညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန် ဧပြီ ၂

ရန်ကုန်မြို့တော် မိုင်(၃၀)ပတ်လည်ဝန်းကျင် စိမ်းလန်းစိုပြည်စေရေး စိုက်ပျိုးရန်စီမံခန့်ခွဲရေး ကြီးကြပ်မှုကော်မတီ၏ ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ ညနေ ၃ နာရီတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ကျင်းပရာ ရန်ကုန်မြို့တော် မိုင်(၃၀)ပတ်လည်ဝန်းကျင် စိမ်းလန်းစိုပြည်စေရေး စိုက်ပျိုးရန် စီမံခန့်ခွဲရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်လှဌွေးဝင်း တက်ရောက် အမှာစကားပြောကြားသည်။

ညှိနှိုင်းအစည်းအဝေးသို့ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန်ဗိုလ်မှူးကြီးမောင်ပါ၊ ရန်ကုန်မြို့တော် မိုင်(၃၀) ပတ်လည် ဝန်းကျင်စိမ်းလန်း စိုပြည်စေရေး စိုက်ပျိုးရန် စီမံခန့်ခွဲရေးကြီးကြပ်မှု ကော်မတီအဖွဲ့ဝင်များ၊ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး၊ ခရိုင်နှင့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်မြို့တော် မိုင်(၃၀)ပတ်လည်ဝန်းကျင် စိမ်းလန်းစိုပြည်စေရေးစိုက်ပျိုးရန် စီမံခန့်ခွဲရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်မှူးချုပ်လှဌွေးဝင်းက ရန်ကုန်မြို့တော် မိုင်(၃၀)ပတ်လည်ဝန်းကျင် စိမ်းလန်းစိုပြည်စေရေး အတွက်ရေလှောင်တမံများ၊ မြစ်ရေတင်စီမံကိန်းများ၊ ရေထိန်းတံခါးကြီးများဖြင့် စိုက်ပျိုးရေပေးဝေ၍ နွေစပါး၊ မိုးစပါး၊ ဆောင်းသီးနှံ၊ ပဲမျိုးစုံနှင့် အခြားစီးပွားဖြစ် သီးနှံများစိုက်ပျိုးလျက်ရှိသည့်အခြေအနေ၊ ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့် ရန်ကုန်တိုင်းအတွင်း ခြံစည်းရိုး ကြက်ဆူပင် ဧကငါးသိန်း ရာနှုန်းပြည့် စိုက်ပျိုးရေးတို့နှင့်ပတ်သက်၍ ရှင်းလင်းအမှာစကားပြောကြားသည်။

ထို့နောက် ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ ရန်ကုန်မြို့တော် မိုင်(၃၀)ပတ်လည်ဝန်းကျင် စိမ်းလန်းစိုပြည်စေရေးစိုက်ပျိုးရန် စီမံခန့်ခွဲရေး ကြီးကြပ်မှုကော်မတီ အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဇုန်တာဝန်ခံများနှင့်အစည်းအဝေးသို့ တက်ရောက်လာကြသူများက ရန်ကုန်မြို့တော်မိုင်(၃၀)ပတ်လည်ဝန်းကျင်စိမ်းလန်းစိုပြည်စေရေး စိုက်ပျိုးရန်စီမံခန့်ခွဲရေး ကြီးကြပ်မှု ကော်မတီ၏ ဖွဲ့စည်းပုံ၊ စိုက်ပျိုးရန် ဇုန်နယ်မြေများ ခွဲဝေသတ်မှတ်၍ တာဝန်ပေးအပ်မှု၊ စိုက်ပျိုးရန်လျာထားစီမံချက်၊ ဇုန်များအလိုက် နွေစပါး၊ ပဲမျိုးစုံနှင့်အခြားစီးပွားဖြစ်သီးနှံများ စိုက်ပျိုးပြီးစီးမှုနှင့် ရန်ကုန်မြို့တော် မိုင်(၃၀) ပတ်လည်ဝန်းကျင် စိမ်းလန်းစိုပြည်စေရေးအတွက် ဌာနဆိုင်ရာများက သက်ဆိုင်ရာကဏ္ဍများအလိုက်ပံ့ပိုးစီမံဆောင်ရွက်မည့် လုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းမှူးက တင်ပြချက်များနှင့် ပတ်သက်၍ လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌွေးဝင်း ရန်ကုန်မြို့တော် မိုင် ၃၀ပတ်လည်ဝန်းကျင် စိမ်းလန်းစိုပြည်စေရေးစိုက်ပျိုးရန် စီမံခန့်ခွဲရေး ကြီးကြပ်မှုကော်မတီ၏ ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

သာသနဟိတသိမ်တော် ရေစက်ချ အကြိုတရားပွဲ

ရန်ကုန် ဧပြီ ၂

ရန်ကုန် အရှေ့ပိုင်းခရိုင် ဒေါပုံမြို့နယ် ဇေယျာသီရိရပ်ကွက် မြသိဒ္ဓိကျောင်းတိုက် သာသနဟိတသိမ်တော် ရေစက်ချအကြိုတရားပွဲအဖြစ် ဧပြီ ၈ ရက်တွင် အရှင်ကောမုဒိဝရ (မလွန်ဆန်) ဓမ္မကထိက (စစ်ကိုင်းတောင်ရိုး)၊ ဧပြီ ၉ ရက်တွင် အရှင်ပညာသာရ (ပုသိမ်)၊ ဧပြီ ၁၀ ရက်တွင် အရှင်အာစာရာလင်္ကာရ (စစ်ကိုင်းရွှေဟင်္သာ)တို့က ညစဉ် ၆ နာရီမှ စ၍ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်သည်။ (က-ပ)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ တရုတ်နိုင်ငံသို့ထွက်ခွာ

ရန်ကုန် ဧပြီ ၂

တရုတ်ပြည်သူ့သမ္မတနိုင်ငံ Chinese Association for International Understanding (CAFIU) ၏ဖိတ်ကြားချက်အရ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်ဦးဉာဏ်ထွန်းအောင် ခေါင်းဆောင်သော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ထွက်ခွာသွားကြသည်။

ပို့ဆောင်နှုတ်ဆက်

အဆိုပါပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ချစ်ကြည်ရေး ကိုယ်စားလှယ် အဖွဲ့ဝင်များအား ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ် အမှုဆောင် ဦးမောင်ပါ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး H.E.Mr Guan Mu နှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဌာနချုပ်မှ တာဝန်ရှိသူများ၊ မိသားစုများက ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ (သတင်းစဉ်)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဦးဉာဏ်ထွန်းအောင် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ထွက်ခွာရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်သူများနှင့် အတူတွေ့ရစဉ်။
(သတင်းစဉ်)

လေးမျက်နှာအထကနှင့် အလက အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဧပြီ ၂

လေးမျက်နှာမြို့ အထက၊ အလက ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ပထမအကြိမ် အာစရိယပူဇော်ပွဲကို ဧပြီ ၃၀ ရက် မွန်းလွဲ ၁ နာရီတွင် လေးမျက်နှာမြို့သစ် အထကကျောင်းခန်းမတွင် ကျင်းပမည်ဖြစ်သည်။

ယင်းအထက၊ အလကကျောင်းများတွင်တာဝန်ထမ်းဆောင်ခဲ့သော အသက်(၆၀)ပြည့်အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများသည် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အပူဇော်ခံ ကြွရောက်ကြပါရန်နှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများသည် ဦးထွန်းထွန်းဦး ဖုန်း-၅၁၂၃၃၅၊ ဒေါ်ညွန့်ညွန့်ဦး ဖုန်း-၅၂၆၀၀၆၊ ဦးဌွေးဝင်း ဖုန်း ၀၉-၅၀၁၁၉၆၀ ဦးမြင့်စိုး ဖုန်း-၅၇၈၀၂၄၊ ဦးနေဝင်း ဖုန်း ၀၄၄-၁၁၇၆၄၊ ဦးထွန်းအောင် ဖုန်း ၀၄၄-၂၁၄၈၀၊ ဦးလှိုင်အေး ဖုန်း ၀၄၄-၂၂၁၇၈၊ ဦးတင်ဝင်း ဖုန်း ဖုန်း-၀၄၄၂၂၂၂၆တို့သို့ ဧပြီ ၂၅ရက်နောက်ဆုံးထား၍ အလှူငွေနှင့် လှူဖွယ်ပစ္စည်းများ ဆက်သွယ်ပေးပို့ လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

အခြေခံစာရင်းကိုင်သင်တန်း အမှတ်စဉ်(၂)ဆင်းပွဲကျင်းပ

ရန်ကုန် ဧပြီ ၂

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဘဏ္ဍာရေးရာဌာနကြီးနှင့် စာရင်းစစ်ချုပ်ရုံးတို့ ပူးပေါင်းဖွင့်လှစ်သည့် အခြေခံစာရင်းကိုင်သင်တန်း အမှတ်စဉ်(၂) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ အလုံမြို့နယ်ရှိစာရင်းစစ်ချုပ်ရုံးသင်တန်းကျောင်း သင်တန်းခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဘဏ္ဍာရေးရာဌာနကြီး ဌာနကြီးမှူးဒေါ်အေးအေးနှင့် အဖွဲ့ဝင်များ၊ စာရင်းစစ်ချုပ်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ်၊ သင်တန်းကထိကများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဘဏ္ဍာရေးရာဌာနကြီး ဌာနကြီးမှူး ဒေါ်အေးအေးက မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ရည်ရွယ်ချက်များ၊ အမျိုးသမီးထု၏အကျိုးနှင့် အမျိုးသမီးများ၏ အခန်းကဏ္ဍအရေးပါပုံတို့နှင့်စပ်လျဉ်း၍အကျယ်တဝင့် ရှင်းလင်းဆွေးနွေးပြီး စာရင်းစစ် ချုပ်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်သန်းသန်းအေးက အမှာစကားပြောကြားသည်။

ထို့နောက်သင်တန်းဆင်းလက်မှတ်များကို မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဘဏ္ဍာရေးရာဌာနကြီး ဌာနကြီးမှူးက ပေးအပ်ချီးမြှင့်ပြီး သင်တန်းကထိကများကိုယ်စား ကထိကတစ်ဦးအား ဂုဏ်ပြုလက်ဆောင်များ ချီးမြှင့်ကာ သင်တန်းဆင်းပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

သုံးလကြာမြင့်

ယင်းသင်တန်းသို့ ဌာနဆိုင်ရာများနှင့် ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းမှ စိတ်ပါဝင်စားသူသင်တန်းသူ ၁၃၃ ဦး တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ သုံးလကြာမြင့်ခဲ့သည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဘဏ္ဍာရေးရာဌာနကြီးနှင့် စာရင်းစစ်ချုပ်ရုံးတို့ ပူးပေါင်းဖွင့်လှစ်သည့် အခြေခံစာရင်းကိုင် သင်တန်းအမှတ်စဉ်(၂)ဆင်းပွဲအခမ်းအနားတွင် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဘဏ္ဍာရေးရာဌာနကြီး ဌာနကြီးမှူး ဒေါ်အေးအေး အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

ကြေးမုံ The Mirror ထူးထူးခြားခြား သုတေသနတွေ့ရှိချက်

မိုဘိုင်းဖုန်းနှင့် ကျန်းမာရေးဆက်နွှယ်ပုံ ဆွီဒင်သုတေသနလေ့လာချက်တွင် ဖော်ပြ

စတော့ဟုမ်း ဧပြီ ၂

မိုဘိုင်းဖုန်းများကို ကာလရှည် အသုံးပြုလာသူများသည် ဦးနှောက်အကျိတ်ဖွဲ့စည်းဖြစ်ပေါ်နိုင်သည့် ဘေးအန္တရာယ်ရှိကြောင်း ဆွီဒင်နိုင်ငံ၌ ပြုလုပ်သည့် သုတေသန လေ့လာချက်တစ်ရပ်တွင် သတိပေးထားသည်။ သို့ရာတွင် ယင်းလေ့လာတွေ့ရှိချက်သည် အခြားသောသုတေသီများ၏ လေ့လာတွေ့ရှိချက်များနှင့် ဆန့်ကျင်ဖီလာဖြစ်နေကြောင်း ဧပြီ ၂ရက် အင်တာနက်သတင်းတစ်ရပ်၌ ဖော်ပြထားသည်။

ဆွီဒင်နိုင်ငံရှိ လုပ်ငန်းခွင်ကျန်းမာရေးသိပ္ပံမှ သုတေသီများသည် အသက်(၂၀)မှ အသက်(၈၀)အရွယ်ရှိ လူပေါင်း ၉၀၅ဦးကို အခြေခံသည့် လေ့လာချက်တစ်ရပ်ကို ပြုလုပ်ခဲ့ရာတွင် ၈၅ဦးသည် ဦးနှောက် အကျိတ်ဘေးအန္တရာယ်ရှိသူများအဖြစ် တွေ့ရှိရကြောင်း၊ အဆိုပါ လူ ၈၅ဦး သည် မိုဘိုင်းဖုန်းကို နှစ်ပေါင်းကြာရှည်စွာ သုံးစွဲလာခဲ့သူများဖြစ်ကြောင်း သိရှိရသည်။

ကာလကြာရှည်စွာ မိုဘိုင်းဖုန်းသုံးစွဲလာခဲ့သူများ၏ ဦးခေါင်းတစ်ဖက်ခြမ်းတွင် ဦးနှောက်အကျိတ် ဖွဲ့စည်းဖြစ်ပေါ်တတ်မှုမှာ အလေးမူစရာဖြစ်ကြောင်း ဆွီဒင်သုတေသီ ကာဂျီးမီးလ်က ပြောကြားသည်။

ကမ္ဘာတစ်ဝန်းလုံးတွင် မိုဘိုင်းဖုန်းနှင့် သက်ဆိုင်နေသော လေ့လာတွေ့ရှိချက်များကို ခြုံငုံသုံးသပ်လေ့လာခဲ့သော နယ်သာလန်ကျန်းမာရေးကောင်စီက ပြောကြားရာတွင်မူ မိုဘိုင်းဖုန်းမှ ဓာတ်ရောင်ခြည်ဖြာထွက်သည့် အထောက်အထားများကို မတွေ့ရှိရဟုဆိုသည်။

အင်တာနက်။

ဂျပန်နိုင်ငံမြို့တော် တိုကျိုရှိကုန်တိုက်တစ်ခုတွင် ဗိုဒါဖုန်းကုမ္ပဏီက ထုတ်လုပ်သည့် မိုဘိုင်း ဖုန်းများကို ခင်းကျင်းပြသထားစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ပုလဲမြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း သင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် ဧပြီ ၂

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနက ဖွင့်လှစ်ခဲ့သော ပုလဲမြို့ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း အခြေခံစက်ချုပ် သင်တန်းအမှတ်စဉ်(၁) သင်တန်းဆင်းပွဲအခမ်းအနားကို မတ် ၃၁ ရက် နံနက် ၉ နာရီခွဲတွင် သင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်သာအေး၊ စစ်ကိုင်းတိုင်းအမျိုးသမီးရေးရာအဖွဲ့နာယကတိုင်းမှူး၏ဇနီး ဒေါ်ဝေဝေခိုင်၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဝင်း၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာ အကြီးအကဲများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူးက သင်တန်းဆင်း အမှာစကားပြောကြားသည်။ ထို့နောက် စစ်ကိုင်းတိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက တိုင်းမှူး၏ ဇနီး ဒေါ်ဝေဝေခိုင်က သင်တန်းထူးချွန်ဆုရ သင်တန်းသူ သုံးဦးအား ဆုချီးမြှင့်သည်။ ဆက်လက်၍ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က သင်တန်း ဆင်းလက်မှတ်များပေးအပ်ပြီး ဝန်ကြီးဌာနက တစ်နှစ်ဆိုင်း အရစ်ကျစနစ်ဖြင့် ရောင်းချပေးသော အပ်ချုပ်စက်များကို သင်တန်းသူများသို့ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် တိုင်းမှူးနှင့် ဧည့်သည်တော်များသည် သင်တန်းသူများ၏ လက်ရာ အဝတ် အထည်နှင့် လက်မှုပစ္စည်းများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါသင်တန်းသို့ ပုလဲမြို့ပေါ်မှ သင်တန်းသူ၂၀နှင့် မြို့နယ်အတွင်းရှိကျေးရွာများမှ သင်တန်းသူ ၃၀ စုစုပေါင်းသင်တန်းသူ ၅၀တက်ရောက်ခဲ့ကြပြီး ရက်သတ္တ ၁၄ ပတ်ကြာမြင့်သည်။ သင်တန်းဆင်း သင်တန်းသူများကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများထူထောင်နိုင်ရန် ဝန်ကြီးဌာနက အပ်ချုပ်စက်များကို သက်သာသော ဈေးနှုန်းဖြင့် တစ်နှစ်ဆိုင်းအရစ်ကျစနစ်ဖြင့် ရောင်းချပေးခဲ့သည်။ (သတင်းစဉ်)

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၂)၊ အမှတ်(၁၄)ဖြန့်ချိ

ရန်ကုန် ဧပြီ ၂

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၂)၊ အမှတ်(၁၄)တွင် ကိုကို(စက်မှုတက္ကသိုလ်)၏ အယ်ဒီတာ့ဒိုင်ယာရီ၊ ဝန်ထမ်းလစာများ တိုးမြှင့်သတ်မှတ်ကုန်သည်နှင့် စီးပွားရေးလုပ်ငန်းရှင်များ ပူးပေါင်းပါဝင်ဖို့လို၊ ကြက်ငှက်တုပ်ကွေးရောဂါ ထိန်းချုပ်နိုင်ပြီ၊ ဂျာမန်ဂျီအေအေအဖွဲ့၏ အကူအညီဖြင့် အိမ်တွင်း ဥယျာဉ်စီမံကိန်း တိုးချဲ့ဆောင်ရွက်မည်၊ ရှားပါးစာရင်းဝင် ဒီရေတောဆင် မြန်မာနိုင်ငံတွင် နှစ်ကောင်သာကျန်ရှိ စသည့် ပြည်တွင်းရေးရာသတင်း ဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာသည်။

အကြီးတန်းဝန်ကြီး ဂိုချုပ်တောင် စီးပွားရေး ပညာသင်ကျောင်းကို ဖွင့်လှစ်ပေး၊ ချီကာဂိုမြို့ကြီး သက်သတ်လွတ် စာရင်းထဲသို့ ဝင်ပြီ၊ ဆိုက်ပရပ်စ်ကျွန်းတွင် ကျောက်သားခေါင်းတလားတူးဖော်ရရှိစသည့် နိုင်ငံတကာ သတင်းများ၊ သုံးသပ်ချက်ဆောင်းပါးများ၊ အားကစား၊ ကျန်းမာရေး၊ စီးပွားရေး၊ ဖျော်ဖြေရေး ကဏ္ဍစုံလင်စွာဖြင့် e-Empire Media House ဖုန်း-၅၀၀၇၂၁ က မြန်မာတစ်ပြည်လုံးသို့ ဖြန့်ချိလိုက်သည်။

(က-ပ)

လက်မှတ်ရပြည်သူ့စာရင်းကိုင်နှင့် ဘဏ္ဍာရေးအတိုင်ပင်ခံ မေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဦးလှထွန်းက လူမှုရေးအဖွဲ့အစည်းများသို့ အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

မေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးလှထွန်း လူမှုရေးအဖွဲ့အစည်းများသို့ အလှူငွေပေးအပ်ပွဲ ကျင်းပ

ရန်ကုန် ဧပြီ ၂

လက်မှတ်ရပြည်သူ့စာရင်းကိုင်နှင့် ဘဏ္ဍာရေးအတိုင်ပင်ခံ မေတ္တာရိပ်မွန်(ကင်ဆာ) ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးလှထွန်းက လူမှုရေးအဖွဲ့အစည်းများသို့ အလှူငွေများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားတွင် မော်ဘီမြို့ ဓမ္မဒူတ ဇေတဝန်တောရ ဆေးကိန္နရာမကျောင်းတိုက်ဆရာတော် ဓမ္မဒူတအရှင်ဆေကိန္နထံမှ ပရိသတ်များက သြဝါဒကထာ နာယူကြပြီး အလှူရှင် ဦးလှထွန်းက ဓမ္မဒူတ ဇေတဝန်တောရ ဆေကိန္နာရာမကျောင်းအတွက် အလှူငွေ FEC ၁၅၀၀ကို ဆရာတော်ထံ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် အလှူရှင် မေတ္တာရိပ်မွန်(ကင်ဆာ) ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးလှထွန်းက မိဘများဖြစ်ကြသည့် ဦးလှဖေ-ဒေါ်စော၊ ဇနီး ဒေါ်မြမြနှင့် တစ်ဦးတည်းသော သမီး ဒေါ်မြစန္ဒာထွန်းတို့အား ရည်စူး၍ အလှူငွေများပေးအပ်လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး မေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်း အကြောင်းကို မှတ်တမ်းတင် ဗီဒီယိုဆလိုက်ဖြင့် ရှင်းလင်းပြသသည်။

ယင်းနောက် အလှူရှင် ဦးလှထွန်းက မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းသို့ အလှူငွေ အမေရိကန်ဒေါ်လာ၁၀၀၀၀၊ အမျိုးသားကျန်းမာရေး ကော်မတီသို့ အလှူငွေ FEC ၁၀၀၀၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန (ရေစီမံကိန်း)၊ တပ်မတော်ဆေးရုံကြီး (မင်္ဂလာဒုံ)၊ အမှတ်(၂) တပ်မတော်ဆေးရုံ(ခုတင်-၅၀၀)၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး (ကင်ဆာဌာန)၊ မန္တလေးတိုင်းရှိ အနာကြီးရောဂါဆေးရုံ (ရေနံ့သာ)၊ မော်လမြိုင်မြို့ရှိ အနာကြီးရောဂါဆေးရုံ(တောင်ပိုင်း)၊ Mary Chapman နားမကြားကျောင်း၊ ခဲဝဲမျက်မမြင်ကျောင်း၊ အမျိုးသားပြန်လည်သန်စွမ်းရေးဆေးရုံ၊ သန်မြန်သူ လုပ်ငန်းစုကော်မတီ၊ ဘိုးဘွားရိပ်သာ (ကန်တော်ကလေး)နှင့် မြန်မာနိုင်ငံခြားကုန်သွယ်မှုဘဏ် အားကစားရန်ပုံငွေတို့အတွက် အလှူငွေ FEC ၅၀၀စီ၊ ဦးလှထွန်း စာရင်းကိုင်၊ စာရင်းစစ်နှင့် ဘဏ္ဍာရေးအတိုင်ပင်ခံ လုပ်ငန်းမှ ဝန်ထမ်းများအတွက် ကရုဏာကြေး FEC ၁၈၀၀၀၊ ဦးလှထွန်း မေတ္တာရိပ်မွန်ကင်ဆာ ဖောင်ဒေးရှင်း (ရန်ကုန်)နှင့် ဦးလှထွန်း မေတ္တာရိပ်မွန် ကင်ဆာဖောင်ဒေးရှင်း (မန္တလေး)တို့မှ ဝန်ထမ်းများအတွက် ကရုဏာကြေး FEC၅၀၀စီနှင့် မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်အသင်း(MICPA)အတွက် ကရုဏာရန်ပုံငွေ ကျပ် ၁၀သိန်းတို့ကို ပေးအပ်လှူဒါန်းပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

အပူဒဏ်ကာကွယ်ရေး နှိုးဆော်ချက်(၂)

ဆေးရုံသို့ အမြန်ပြသပါ။

အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်လျှင် ဆေးရုံအရောက် နောက်ကျပါက အသက်ဆုံးရှုံးနိုင်သဖြင့် ဆေးရုံသို့ အမြန်ဆုံးပြသကြရန် နှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ထူထောင်ဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့ ။

၂၀၀၆-ခုနှစ်၊ မတ်လ (၃၁)ရက်နေ့အထိ နိုင်ငံအဝန်းတွင် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်(၅၂၇၆၂)တိုက် ဖွင့်လှစ်ပြီးဖြစ်ပါသည်။

ကျေးလက်နေပြည်သူအများ ပညာဗဟုသုတတိုးပွားစေရန်
ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် စာအုပ်များကို
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ခရိုင်/မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ကြပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

လူငယ်ရေးရာလုပ်ရှားမှု ခြေလျင်တောင်တက်ခရီးစဉ် အောင်နိုင်ရေးအလံ ပေးအပ်ပွဲကျင်းပ

ရန်ကုန် ဧပြီ ၂

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း လူငယ်ရေးရာလှုပ်ရှားမှု ခြေလျင်တောင်တက်ခရီးစဉ်အဖြစ် ဆောင်ရွက်မည့် ကချင်ပြည်နယ် ဖုန်ကန်ရာဇီ ရေခဲတောင် တောင်တက်ခရီးစဉ်အတွက် အောင်နိုင်ရေးအလံ ပေးအပ်ပွဲအခမ်းအနားကို မတ် ၃၁ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ရုံးခန်းမ၌ကျင်းပရာ မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနာယက၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန်နှင့် တိုင်းအဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မီးသတ်၊ ကြက်ခြေနီ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ရေခဲတောင်တက်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

အခမ်းအနားတွင် တိုင်းမှူးနှင့် ဝန်ကြီးတို့က အသီးသီး အမှာစကား ပြောကြားကြပြီး မြန်မာနိုင်ငံ ခြေလျင်နှင့် တောင်တက်အဖွဲ့ချုပ် အတွင်းရေးမှူး ဒေါက်တာခင်မောင်က တောင်တက်ခရီးစဉ်နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းမှူးနှင့် ဝန်ကြီးတို့က တောင်တက်ခရီးစဉ် အောင်နိုင်ရေးအလံ ပေးအပ်ရာ ဒေါက်တာခင်မောင်က လက်ခံရယူသည်။ ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် တောင်တက် အဖွဲ့ဝင်များနှင့်အတူ စုပေါင်း၍ အမှတ်တရ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယခု တောင်တက်ခရီးစဉ်မှာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း လူငယ်ရေးရာလှုပ်ရှားမှု ခြေလျင်နှင့် တောင်တက် ပထမအကြိမ် ခရီးစဉ်ဖြစ်ပြီး ပြည်နယ်နှင့် တိုင်း အသီးသီးနှင့် မြန်မာနိုင်ငံ ခြေလျင်နှင့် တောင်တက်အဖွဲ့ချုပ်မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင် ၆၅ဦးတို့ ပါဝင်ကြောင်း သိရသည်။

ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းဇော်သည် ဧပြီ ၁ ရက် နံနက်ပိုင်းတွင် မန္တလေးမြို့၌ တိုင်းရင်းသားလုပ်ငန်းရှင်များ ဆောင်ရွက်လျက်ရှိသောဟိုတယ်များကို လိုက်လံကြည့်ရှု စစ်ဆေးသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း လူငယ်ရေးရာလှုပ်ရှားမှု ခြေလျင်တောင်တက်ခရီးစဉ်အဖြစ် ကချင်ပြည်နယ် ဖုန်ကန်ရာဇီ ရေခဲတောင်တက် ခရီးစဉ်အတွက် အောင်နိုင်ရေးအလံပေးအပ်ပွဲတွင် အမှာစကားပြောကြားစဉ်။ (ဆက်သွယ်ရေး)

အမှာစကားပြောကြား

ရှေးဦးစွာ Emerald Land Inn သို့ ရောက်ရှိပြီး ဟိုတယ်လုပ်ငန်းရှင် ဦးကိုကိုလေးက ဝန်ကြီးအား ဟိုတယ်အတွင်း လိုက်လံရှင်းလင်း ပြသရာ ဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။ ထို့နောက် ဝန်ကြီးသည် Mandalay City Hotel သို့ ရောက်ရှိပြီး ဟိုတယ်မန်နေဂျာ ဦးကျော်မျိုးလတ်က ဟိုတယ်လုပ်ငန်း အခြေအနေများကို လိုက်လံရှင်းလင်းတင်ပြရာ ဝန်ကြီးက လုပ်ငန်းအောင်မြင်ရေးကို ကြိုးပမ်းဆောင်ရွက်ရန် အားပေးအမှာစကား ပြောကြားသည်။

မှာကြား

ဆက်လက်၍ ဝန်ကြီးသည် စိန်စိန်ဟိုတယ်သို့ ရောက်ရှိပြီး ဟိုတယ်မန်နေဂျာက ဟိုတယ်အခန်းများ၊ စားသောက်ခန်းမနှင့် ဧည့်ခန်းများကို လိုက်လံပြသရာ ဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။ ထို့နောက် ဝန်ကြီးသည် ဟိုတယ် မန္တလေး တည်ဆောက်နေသည့် လုပ်ငန်းခွင်သို့ ရောက်ရှိပြီး တည်ဆောက်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးကာ တည်ဆောက်ရေးလုပ်ငန်း အချိန်မီပြီးစီးအောင် ဆောင်ရွက်ပြီး လုပ်ငန်းများ အမြန်ဆုံး လည်ပတ်ဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် Great Wall Hotel သို့ရောက်ရှိပြီး လုပ်ငန်းအခြေအနေများကို လှည့်လည်ကြည့်ရှုကာ မန္တလေးဇုန်ရှိ ဟိုတယ်လုပ်ငန်းရှင်များ စည်းလုံးညီညွတ်စွာဖြင့် လုပ်ငန်းများ အောင်မြင်တိုးတက်အောင် ဆောင်ရွက်ကြရန် မှာကြားခဲ့သည်။

(သတင်းစဉ်)

မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနာယက၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း လူငယ်ရေးရာလှုပ်ရှားမှု ခြေလျင်တောင်တက်ခရီးစဉ်အဖြစ် ကချင်ပြည်နယ် ဖုန်ကန်ရာဇီ ရေခဲတောင်တက်ခရီးစဉ်အတွက် အောင်နိုင်ရေးအလံကို မြန်မာနိုင်ငံ ခြေလျင်နှင့်တောင်တက်အဖွဲ့ချုပ် အတွင်းရေးမှူး ဒေါက်တာခင်မောင်ထံ ပေးအပ်စဉ်။

(သတင်းစဉ်)

အောင်စေဘုန်းတောက် စေတီတော်မြတ်ကြီး ထီးတော်တင်မင်္ဂလာကျင်းပ

ရန်ကုန် ဧပြီ ၂

ရန်ကုန်တိုင်း အင်းစိန်မြို့နယ် ကြို့ကုန်းအရှေ့ရပ်ကွက် မင်းဓမ္မကုန်းတော်အနီး ဇေယျာဗောဓိကျောင်းဝင်းအတွင်းရှိ အသစ်ပြန်လည်ပြုပြင်မွမ်းမံ တည်ထားသော အောင်စေဘုန်းတောက် စေတီတော်မြတ်ကြီး ထီးတော်တင် မင်္ဂလာအခမ်းအနားကို မတ် ၃၁ ရက် မွန်းလွဲ ၂ နာရီတွင် ကျင်းပသည်။

ရှေးဦးစွာ နိုင်ငံတော် သံဃနာယကအဖွဲ့ဝင် မင်းကင်းဆရာတော် အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တ တိလောက ဆရာတော်ထံမှ ပရိသတ်တို့က ရှစ်ပါးသီလ ခံယူဆောက်တည်ကြပြီး ကြွရောက်တော်မူလာကြသော ဆရာတော် သံဃာတော်များက မေတ္တသုတ် ပရိတ်တရားတော်ကို ရွတ်ဖတ် ပူဇော်ကြသည်။ ယင်းနောက် ပရိသတ်တို့က လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် သာသနာရေးဦးစီးဌာန အဘိဓမ္မာနှင့် ယဉ်ကျေးမှု သင်တန်းမှူး ဆရာတော် မဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တဝါယမသာရ ဆရာတော်ထံမှ ရေစက်ချ အနုမောဒနာတရား နာယူပြီး အလှူရှင်များက ရေစက်ချ အမျှပေးဝေ၍ မင်္ဂလာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

စေတီတော်မြတ်ကြီးအား ထေရဝါဒ ဗုဒ္ဓသာသနာပြုအဖွဲ့ ဦးစီးပဓာန အရှင်ဇာဂရက ဦးဆောင်ပြီး အများကောင်းမှု စုပေါင်းအလှူဖြစ်သည်။ အဆိုပါ ထီးတော်တင် မင်္ဂလာအခမ်းအနားသို့ ဘုရားဒါယကာ အလှူရှင်များ၊ အရန်စေတီတော် အလှူရှင်များ၊ ဖိတ်ကြားထားသော ဧည့်ပရိသတ်များနှင့် လူမှုရေးအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၃-၄-၂၀၀၆ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀	၁။	**ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇:၂၅	၂။	ကျန်းမာဖို့အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	သံသာချိုအေးမင်္ဂလာတေး
၇:၅၅	၅။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာ တေးသံသာ
၈:၀၅	၆။	အတီးပြိုင်ပွဲ
၈:၁၀	၇။	ဂုံညင်းတန်းတံတား
၈:၂၀	၈။	ခါသကြိန်အဆိုအကများ
၈:၃၀	၉။	International News.
၈:၄၅	၁၀။	Grammar Made Easy.
၉:၀၀	၁၁။	အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀	၃။	တေးဂီတအစီအစဉ်
၄:၄၅	၄။	**အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -တတိယနှစ် (သင်္ချာအထူးပြု) (သင်္ချာ)**
၅:၀၀	၅။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာ အဆိုအကများ
၅:၀၅	၆။	မြန်မာစာ၊ မြန်မာစကား
၅:၁၅	၇။	စက်မှုစွမ်းအား ခေတ်ကျော်လွှား
၅:၂၅	၈။	တေးဂီတအစီအစဉ် (မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)
၅:၃၅	၉။	**"သတိတစ်ချက်တစ်သက်အမှား" (ကျော်မင်းနောင်၊ ကြည်လဲ့လဲ့ဦး၊ နန်းကလျာလှိုင်၊ သကြိန်အောင်) (ဒါရိုက်တာ-စောစန္ဒာလှိုင်)**
၅:၄၅	၁၀။	ခါသကြိန်အဆိုအကများ
၆:၀၀	၁၁။	ညနေခင်းသတင်း
၆:၃၀	၁၂။	မိုးလေဝသအခြေအနေ
၆:၃၅	၁၃။	**နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ "ရယ်ရွှင်ဆော့ပြေး ပုရွက်ဆိတ်လေး" (အပိုင်း-၇၇)**
၆:၅၀	၁၄။	လူ့အခွင့်အရေး သကြားအုပ်ထားသော အမေရိကန်အဆိပ်ဆေး (အပိုင်း-၁)
၇:၀၀	၁၅။	**နိုင်ငံခြားဇာတ်လမ်းတွဲ "မေတ္တာနုနု"(အပိုင်း-၁)**
၈:၀၀	၁၆။	ပြည်တွင်းသတင်း
	၁၇။	နိုင်ငံတကာသတင်းများ
	၁၈။	မိုးလေဝသအခြေအနေ
	၁၉။	**နိုင်ငံခြားဇာတ်လမ်းတွဲ "အိပ်မက်ကမ္ဘာ"(အပိုင်း-၃)**
	၂၀။	နောက်တစ်နေ့အစီအစဉ်
	၂၁။	အစီအစဉ်ပြီး၏။

တပ်မတော်စိုက်ပျိုးရေး သင်တန်းဆင်းပွဲ ကျင်းပ

ရန်ကုန် ဧပြီ ၂

တပ်မတော်စိုက်ပျိုးရေး သင်တန်း အမှတ်စဉ်(၅၆) သင်တန်းဆင်းပွဲကို မတ် ၃၁ ရက် နံနက် ၉နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့ မြန်မာ့ဆန်စပါး သုတေသနဌာန ဆရာစံခန်းမ၌ ကျင်းပရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးကိုယ်စား ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းရွှေ တက်ရောက်၍ သင်တန်းဆင်းအမှာစကား ပြောကြားသည်။

ဆက်လက်၍ သင်တန်းထူးချွန်ဆုများနှင့် အောင်လက်မှတ်များကို ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

သင်တန်းဆင်းပွဲသို့ မှော်ဘီ တပ်နယ်မှ တပ်မတော်အရာရှိကြီးများ၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနရှိ လုပ်ငန်းဌာနများမှ တာဝန်ရှိသူများ၊ သင်တန်းဆရာ၊ ဆရာမများနှင့် တပ်မတော် (ကြည်း)မှ သင်တန်းသား ၁၃၅ ဦး တက်ရောက်ကြသည်။ (သတင်းစဉ်)

သင်္ကြန်အကြို ပိတောက်ပန်းများဖူးပွင့်

ဧပြီ ၂ ရက်က ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက် ဆင်ခြေဖုံးဒေသများတွင် မိုးအနည်းငယ် ရွာသွန်းခဲ့ရာ မြန်မာ့ရိုးရာနှစ်သစ်ကူး မဟာသင်္ကြန်ပွဲတော်အကြို ပိတောက်ပန်းများလည်း ဖူးပွင့်ကြိုင်လှိုင်နေကြောင်း တွေ့ရသည်။ ပုံတွင် ပိတောက်ပန်း မြတ်နိုးသူ သမီးငယ်များကို ချစ်စဖွယ်တွေ့မြင်ရစဉ်။ (ကြေးမုံ)

✻ ကျောဖုံးမှ

ပျိုးဥယျာဉ်အတွင်း ခြံစည်းရိုးကြက်ဆူမျိုးစေ့များကို မျိုးစေ့ချစိုက်ပျိုးပေးပြီး တက်ရောက်လာကြသူများ၏ ပျိုးအိတ်အတွင်း မျိုးစေ့များ ပျိုးထောင်စိုက်ပျိုးနေမှုများကို ကြည့်ရှုအားပေး၍ တာဝန်ရှိသူများအား ကြက်ဆူပင်စိုက်ပျိုးရေးနှင့် ပတ်သက်၍ လိုအပ်သည်များ မှာကြားသည်။

ဘားအံတပ်နယ်၌ ခြံစည်းရိုးကြက်ဆူပင် စိုက်ဧက ၁၁၀၀ လျာထားသည့်အနက် မြေယာပြုပြင်ပြီး ၂၀၇ ဧက၌ ကြက်ဆူ ၈၇၁၁၁မ၃ ဧက စိုက်ပျိုးထားရှိကာ မျိုးစေ့ပျိုးပင် ၈၃၄၉၀၀၊ မျိုးပွားကိုင်းပင် ၉၉၃၀၀ စုစုပေါင်း ၉၃၄၂၀၀ ပျိုးထောင်ထားရှိကြောင်း သိရှိရသည်။

ရှင်းလင်းတင်ပြ

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့်အတူ ကရင်ပြည်နယ် ဘားအံခရိုင် ခြံစည်းရိုးကြက်ဆူ မျိုးစေ့ချအခမ်းအနားသို့ တက်ရောက်ရာ ရေးဦးစွာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ပြည်နယ်မန်နေဂျာ ဦးကျော်သိန်းက ကရင်ပြည်နယ်အတွင်း ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့် ကရင်ပြည်နယ်ဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်ကြူးတို့က ခြံစည်းရိုးကြက်ဆူ မျိုးစေ့နှင့် မျိုးကိုင်းများကို လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများအား ဖြန့်ဝေပေးပြီး အဖွဲ့ဝင်များနှင့်အတူ ကြက်ဆူမျိုးကိုင်းနှင့် မျိုးစေ့များကို ပျိုးထောင်စိုက်ပျိုးပေးကြသည်။

ကရင်ပြည်နယ်အနေဖြင့် ၂၀၀၆ ခုနှစ် ကြက်ဆူပင်စိုက်ဧက တစ်သိန်း စိုက်ပျိုးရန် လျာထားဆောင်ရွက်လျက်ရှိပြီး ယခုအထိ ပျိုးထောင်ပြီး အပင် ၅၁၂၁၂၂၉ ပင်နှင့် စိုက်ပျိုးပြီး ဧက ၅၇၂ ဧကဖြစ်ကြောင်း သိရှိရသည်။

လှည့်လည်ကြည့်ရှုအားပေး

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် တိုင်းမှူးတို့သည် ခြံစည်းရိုးကြက်ဆူ မျိုးပွားကိုင်းပင်၊ ကြက်ဆူမျိုးစေ့၊ ကြက်ဆူမျိုးပွားကိုင်း၊ ကြက်ဆူကြိတ်စက်၊ ကြက်ဆူဆီမီးခွက်၊ ကြက်ဆူ ဆီမီးအိမ်၊ ကြက်ဆူ မီးဖို၊ ကြက်ဆူဆီဖြင့် မောင်းနှင်သည့် လယ်ယာ (၁၆) လက်တွန်းထွန်စက်၊ ကြက်ဆူဆီသုံး လျှပ်စစ်မီးစက်များကို ကြည့်ရှုအားပေးကြပြီး တက်ရောက်လာကြသူများ၏ ပျိုးဥယျာဉ်အတွင်း ခြံစည်းရိုး ကြက်ဆူမျိုးစေ့ပင်၊ မျိုးကိုင်းပင်နှင့် မျိုးစေ့များ တပျော်တပါး စိုက်ပျိုးနေမှုများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်တို့သည် ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် ထီလုံဒေသရော်ဘာနှင့် ကြက်ဆူပင်စိုက်ပျိုးရေးရှင်းလင်းဆောင်သို့ရောက်ရှိရာ မြေစာရင်းဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးခင်ဝင်းက ဒေသတွင်း ရော်ဘာနှင့် ကြက်ဆူပင်စိုက်ပျိုးခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက ရော်ဘာနှင့် ကြက်ဆူပင်စိုက်ပျိုးရေး လုပ်ငန်းဖြစ်ထွန်း အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ကြရန်နှင့် လုပ်ငန်းရှင်များသည်လည်း ရရှိထားသည့် မြေယာများကို အသုံးချ၍ အပြည့်အဝ စိုက်ပျိုးကြရေး၊ စိုက်ပျိုးနည်းပညာများ ဖြန့်ဝေပေးရေး ဆွေးနွေးမှာကြားသည်။

ထီလုံဒေသအတွက် ခြံတောင်သူ ၁၀၇ ဦးအား မြေဧရိယာ ဧက ၈၆၃၀ နေရာချထားပေးရာ ရော်ဘာနှင့် ကြက်ဆူ သီးညှပ်စိုက်ပျိုးမည်ဖြစ်ပြီး ပျိုးပင်နှင့် မျိုးစေ့များ စုဆောင်းထားရှိပြီးဖြစ်ကြောင်း သိရှိရသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ကရင်ပြည်နယ် ပိုင်ကျုံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စုပေါင်းရုံးသို့ သွားရောက်၍ ရုံးဖွဲ့စည်းထားရှိမှုနှင့် ရုံးလုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားကာ ဝန်ထမ်းများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် တိုင်းမှူးတို့သည် ပိုင်ကျုံချောင်းကူးတံတား ယာယီရှင်းလင်းဆောင်သို့ရောက်ရှိရာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လက်ထောက်အင်ဂျင်နီယာမှူး ဦးတင်အောင်က တံတား

တည်ဆောက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက လုပ်ငန်းများ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်ရေး မှာကြားကာ တံတားပိုင်တိုင် တည်ဆောက်ထားရှိမှုနှင့် ချဉ်းကပ်လမ်းဖောက်လုပ်မည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ပိုင်ကျုံချောင်းကူးတံတားသည် တစ်လွှာတစ်ထပ် ဘေလီပေ ၆၀ တစ်ခန်း၊ နှစ်လွှာတစ်ထပ် ဘေလီ ပေ ၉၀ ခြောက်ခန်း၊ သစ်သားတံတား အရှည်ပေ ၆၀၀ စုစုပေါင်း တံတားအရှည်ပေ ၁၂၀၀၊ ယာဉ်သွားလမ်း အကျယ် ၁၂ ပေ ၄ လက်မ၊ ခွင့်ပြုတန်ချိန် ၁၃ တန်ဖြစ်ကြောင်း သိရှိရသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် ပိုင်ကျုံမြို့နယ် မြို့ဦးစေတီတည်ဆောက်မည့် မြေနေရာနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်လျက်ရှိသော အရှည်ပေ ၂၆၄၀ ရှိ မြို့တွင်းလမ်း ဖောက်လုပ်မှု၊ လျှပ်စစ်မီးတိုင်များ စိုက်ထူပြီးစီးမှုများကိုလည်းကောင်း၊ ပိုင်ကျုံမြို့နယ် (၁၆)ခုတင်ဆံ့ ဆေးရုံတည်ဆောက်ခြင်းလုပ်ငန်းနှင့် လှိုင်းဘွဲ့မြို့နယ် ခုတင် (၅၀)ဆံ့ ပြည်သူ့ဆေးရုံ တည်ဆောက်ရေးလုပ်ငန်း အခြေအနေများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်တို့သည် လှိုင်းဘွဲ့မြို့နယ် နယ်မြေခံတပ်ရင်း၌ တပ်နယ်မှ အရာရှိ၊ စစ်သည် မိသားစုဝင်များအား တွေ့ဆုံကာ အမှာစကားပြောကြားကြပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် တိုင်းမှူးနှင့် တာဝန်ရှိသူများနှင့်အတူ ကော့ကရိတ်မြို့ ခုတင်(၁၀၀)ဆံ့ ဆေးရုံသစ်ဆောက်လုပ်ရေး စီမံကိန်းသို့ ရောက်ရှိ ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူ များအား လိုအပ်သည်များ မှာကြားညှိနှိုင်းဆောင်ရွက်ပေးသည်။

နှစ်ထပ်သံကူကွန်ကရစ်

အဆိုပါ ဆေးရုံသည် ပင်မဆောင် အလျား ၁၇၈ ပေ၊ အနံ ၆၈ ပေ၊ အမြင့် ၂၈ ပေရှိပြီး ခွဲစိတ်ခန်းနှင့် သားဖွားဆောင် အလျား ၈၈ ပေ၊ အနံ ၆၆ ပေရှိ၍ နှစ်ထပ်သံကူကွန်ကရစ်အဆောက်အအုံဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် တိုင်းမှူးတို့သည် ကော့ကရိတ်မြို့ နယ်မြေခံတပ်ရင်း ခန်းမဆောင်၌ အရာရှိ၊ စစ်သည် မိသားစုဝင်များအား တွေ့ဆုံ၍ အမှာစကားပြောကြားကြပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိသော နွေစပါး စိုက်ဧက ၈၀၀ ကို ရေပေးဝေနေသည့် ဘားအံမြို့နယ် ဂျိုင်းကျေးရွာ ဒီဇယ်မြစ်ရေတင်လုပ်ငန်းသို့ရောက်ရှိရာ ရှင်းလင်းဆောင်၌ ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးလွင်က လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက မိုးစပါးနှင့် နွေစပါးလျာထား ဧကပြည့်မီကျော်လွန်အောင် စိုက်ပျိုးနိုင်ရေး မှာကြားသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့် ကရင်ပြည်နယ်ဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်ကြူးတို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ဂျိုင်းဒီဇယ်မြစ်ရေတင်လုပ်ငန်းသည် ဘားအံမြို့နယ် ဂျိုင်းကျေးရွာ၌ တည်ရှိပြီး ရေတင်အမြင့်ပေ ၃၀၊ ပင်မမြောင်းအရှည်ပေ ၁၀၀၀၀၊ လက်တံမြောင်းအရှည်ပေ ၇၅၀၀ ရှိပြီး စက်အမျိုးအစား ဇင်ဇင်း အင်ဂျင် လေးလုံးဖြင့် မြစ်ရေတင်ရန် ဆောင်ရွက်ထားခြင်းဖြစ်ပြီး အကျိုးပြုဧက ၁၀၀၀ ဖြစ်ကြောင်း သိရှိရသည်။

ထို့နောက်ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် ဂျိုင်းမြစ်ရေတင် ရေဖြင့် အောင်မြင်ဖြစ်ထွန်းလျက် ရှိသောနွေစပါး စိုက်ခင်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းလိုအပ် သည်များ မှာကြားညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို ပိုင်ကျုံချောင်းကူးတံတား တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

(၆၁)နှစ်မြောက် တပ်မတော်နေ့ပြပွဲ ဆက်လက်ပြသ

ရန်ကုန် ဧပြီ ၂

၂၀၀၆ ခုနှစ် (၆၁) နှစ်မြောက် တပ်မတော်နေ့ပြပွဲ ပြခန်းများကို ယနေ့ နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ တပ်မတော်စစ်သမိုင် ပြတိုက်၌ အဌမနေ့အဖြစ် ဆက်လက်ပြသထားရာ ရပ်နီးရပ်ဝေးမှ ပြည်သူများနှင့် ကျောင်းသားကျောင်းသူများ လာရောက်ကြည့်ရှုလေ့လာကြသည်။

ပြပွဲ၌ နိုင်ငံတော်ဦးတည်ချက် (၁၂) ရပ်ပြခန်း၊ ဝန်ကြီးဌာနပြခန်းများ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနှင့် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ ပြခန်းများ၊ ကာကွယ်ရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးရုံး ပြခန်းများ၊ တိုင်းစစ်ဌာနချုပ် ပြခန်းများ၊ တိုင်းကျိုးပြည်ပြု ပြည်သူ့အကျိုးပြုလုပ်ငန်းများပြခန်း၊ စစ်သမိုင်းပြတိုက်နှင့် တပ်မတော် မော်ကွန်းတိုက်မှူးရုံး ပြခန်း(၁)နှင့် (၂)၊ တပ်မတော် (ရေ) ပြခန်း၊ တပ်မတော်(လေ) ပြခန်းများကို ဓာတ်ပုံ၊ ပန်းချီ၊ ရုပ်ပုံကားချပ်၊ ဇယား၊ ပုံစံငယ်များဖြင့် ဝေဝေဆာဆာ ပြသထားရာ ကျောင်းသားကျောင်းသူ၊အများပြည်သူများစိတ်ဝင်စားစွာ လာရောက်ကြည့်ရှုလေ့လာကြသည်။

ထို့အပြင် တိုင်းကျိုးပြည်ပြု ပြည်သူ့အကျိုးပြုလုပ်ငန်းများ ပြခန်း၌လည်း ကွန်ပျူတာ ဉာဏ်စမ်းပြိုင်ပွဲကို နေ့စဉ် မွန်းတည့် ၁၂ နာရီတွင် ကျင်းပပေးလျက်ရှိရာ ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။

အဆိုပါ ပြပွဲကို ဧပြီ ၄ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅နာရီအထိ ပြသလျက်ရှိရာ မည်သူမဆို အခမဲ့ လာရောက်ကြည့်ရှုလေ့လာနိုင်သည်။ (သတင်းစဉ်)

❀ ခပေါင်းရေလှောင်တမံမှ

ထို့နောက် ရှင်းလင်းဆောင်၌ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး (၅) ညွှန်ကြားရေးမှူး ဦးမျိုးမြင့်နှင့် လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ဘိုတို့က လုပ်ငန်းဆောင်ရွက်မှု၊ ရေလွှဲဆည် တည်ဆောက်မှုနှင့် တစ်ပြိုင်တည်း ရေသောက်စနစ်နှင့် လက်ယာရေပေး တူးမြောင်းများ၊ လက်တံများ တည်ဆောက်မည့်လုပ်ငန်းတို့ကို ရှင်းလင်းတင်ပြကြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးသည် ခပေါင်းရေလှောင်တမံဘက်စုံ စီမံကိန်း ပင်မတမံ၊ ရေပိုလွှဲ တည်ဆောက်မှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ဝန်ကြီးသည် ရေလွှဲအောက်ခြေပိုင်းကို စက်ယန္တရားများဖြင့် မြေသားရှင်းလင်းမှုနှင့် ရေပိုလွှဲအောက်ပိုင်း ရေငြိမ်ကန်ပြီးစီးမှုတို့ကို ရေပိုလွှဲအောက်ခြေပိုင်းမှ ကြည့်ရှုစစ်ဆေးရာ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စန်ဝင်းက ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဝန်ကြီးသည် ပင်မတမံနှင့် ရေပိုလွှဲတို့ကို ရေပိုလွှဲအထက်ပိုင်းမှ ကြည့်ရှုစစ်ဆေးသည်။

ရေပိုလွှဲသည် သံကူကွန်ကရစ် အမျိုးအစားဖြစ်ကာ အကျယ် ၁၀၆ ပေ၊ အလျားပေ ၉၀၀ရှိသည်။ ယခုအခါ ရေပိုလွှဲလုပ်ငန်း ၈၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။

ထို့နောက် ဝန်ကြီးသည် ရှုရပ်အမြင့်ပိုင်းမှနေ၍ ပင်မတမံ ရေဝပ်ဧရိယာအပိုင်း၊ ရေပိုလွှဲနှင့် ရေထိန်းတမံတို့ကို ကြည့်ရှုစစ်ဆေးသည်။

ပင်မတမံသည် အလျားပေ ၉၂၀၊ အမြင့်ပေ ၂၀၀ ရှိသည့် မြေသားတမံ အမျိုးအစားဖြစ်ပြီး ယခုအခါ အမြင့် ၁၉၄ ပေအထိ မြေသားဖို့၊ ကျောက်သားစီပြီးဖြစ်သည်။

ကုန်းကြောတမံသည် အလျားပေ ၈၀၀၊ အမြင့်ပေ ၇၀ ရှိပြီး ယခုအခါ လုပ်ငန်းအားလုံး ရာခိုင်နှုန်းပြည့်ပြီးစီးပြီဖြစ်သည်။

ပြသရှင်းလင်း

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့အား စီမံကိန်းရှင်းလင်းဆောင်၌ တည်ဆောက်ရေး(၅) ညွှန်ကြားရေးမှူးက ခပေါင်းရေလှောင်တမံ ဘက်စုံစီမံကိန်းတွင် အဓိကဆောင်ရွက်သည့် တည်ဆောက်ရေး လုပ်ငန်းများဖြစ်သော ရေလွှဲဥမင်လိုဏ်တည်ဆောက်မှု၊ မြေသားတမံနှင့် ရေပိုလွှဲ တည်ဆောက်မှု၊ ရေလွှဲဆည်နှင့် တည်ဆောက်နေသည့် ဆည်ရေသောက်စနစ်တို့ကို ပါဝါပွိုင့်ဖြင့် မှတ်တမ်းတင်ထားမှုတို့ကို ပြသရှင်းလင်းသည်။

ထို့နောက်ဝန်ကြီးက တည်ဆောက်ရေး တာဝန်ခံများအား လုပ်ငန်းများ သတ်မှတ်ချိန်ပြီးစီးရေး၊ သေသပ်ခိုင်ခံ့ရေး မှာကြားသည်။

ယင်းနောက် ဝန်ကြီးသည် တမံအတွင်း၌ ယခုနှစ်အတွင်း ရေသိုလှောင်နိုင်ရန်နှင့် ရေလွှဲဥမင်အတွင်း၌ ပိတ်မည့် လုပ်ငန်းလုပ်ကိုင်ရန်၊ ရေလွှဲဥမင်အဝင်ရှေ့ပိုင်း၌ အလျားပေ ၃၀၀၊ အမြင့်ပေ ၂၀ ရှိသည့် ရေတားတမံနှင့် ရေလွှဲဥမင်အဝင်ပိုင်း၊ ရေလွှဲဥမင် အထွက်ပိုင်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဘက်စုံစီမံကိန်း

ခပေါင်းရေလှောင်တမံ ဘက်စုံစီမံကိန်းသည် စစ်တောင်းမြစ်ဝှမ်း ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းတွင် ပါရှိပြီး ဆည်ရေပေး၍ သီးနှံစိုက်ပျိုးမှုသာမက ရေအားလျှပ်စစ်လည်း ထုတ်ယူရရှိနိုင်မည့် ဘက်စုံစီမံကိန်းဖြစ်သည်။ (သတင်းစဉ်)

● စင်ကာပူမှ

ဂျာရွှန်း ကန်တော်ကြီးဥယျာဉ်သည် ကမ္ဘာလှည့်ခရီးသည်များကို ဆွဲဆောင်နိုင်သည့် အပန်းဖြေစရာ နေရာတစ်နေရာလည်းဖြစ်သည်။ ယင်းကန်တော်ကြီးအတွင်း ကျွန်းများပေါ်တွင် တရုတ်ဥယျာဉ်နှင့် ဂျပန်ဥယျာဉ်ဟူ၍ အမည်ပေးထားသည့် ပန်းမန်ဥယျာဉ်များ တည်ရှိသည်။ ကန်တော်ကြီးဥယျာဉ်အနီးတွင် တန်မင်းဆက်ကျေးရွာဟူ၍ အမည်တွင်သော ရှေးဟောင်းရွာလည်းရှိသည်။ ၎င်းအပြင် ကန်တော်ကြီးကိုပတ်၍ တည်ဆောက်ထားသော ရေကူးကန်များနှင့် ကုန်ပဒေသာဈေးတန်းများကို တွေ့မြင်နိုင်သည်။ ကန်တော်ကြီး၏တောင်ဘက် ယွန်ချင်းလမ်းမကြီးတွင် ဂျာရွှန်းကျေးလက်ကလပ်ရှိသည်။

အပန်းဖြေစရာ

ဂျာရွှန်း ကန်တော်ကြီးဥယျာဉ်သည် ပြည်သူများအတွက် လူနေမှုဘဝ အပန်းဖြေစရာ ဥယျာဉ်ကမ္ဘာဖြစ်လာပြီး ရေနှင့်ဆက်နွှယ်နေသော ကစားခုန်စားမှုများကို ပြုလုပ်နိုင်မည်ဖြစ်ကြောင်း စင်ကာပူပညာရေးဝန်ကြီး သာမန်းရှန်မူဂါရာနမ်က ပြောကြားသည်။

ထိန်းသိမ်းထားရှိ

၈၂ ဟက်တာ ကျယ်ဝန်းသော ကန်တော်ကြီးဥယျာဉ်သည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်း စောင့်ရှောက်ရာတွင် အရေးပါကြောင်း၊ ဥယျာဉ်နယ်မြေအတွင်း သက်တမ်းရင့်အပင်များနှင့် လမ္ဘာတောများကို ထိန်းသိမ်းထားရှိကြောင်း ၎င်းကပြောကြားသည်။ **အင်တာနက်။**



စင်ကာပူနိုင်ငံ၏ ရေချိုအိုင်ကြီးဖြစ်သော ဂျာရွှန်းကန်တော်ကြီး တစ်စိတ် တစ်ဒေသကို မြို့ပြ အိမ်ရာများ နောက်ခံထား၍ ဧပြီ ၂ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မြန်မာနိုင်ငံ ကြက်ငှက်တုပ်ကွေးရောဂါ ထိန်းချုပ်ရေး အပြည်ပြည်ဆိုင်ရာနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိ

ရန်ကုန် ဧပြီ ၂

မြန်မာနိုင်ငံသည် ၂၀၀၆ခုနှစ် ဖေဖော်ဝါရီလအထိ ကြက်ငှက်တုပ်ကွေးရောဂါ ကင်းရှင်းသည့် နိုင်ငံတစ်ခုဖြစ်ခဲ့သည်။ ၂၀၀၆ခုနှစ် ဖေဖော်ဝါရီလတွင် မြန်မာနိုင်ငံ အလယ်ပိုင်းဒေသအချို့၌ ကြက်များ အသေအပျောက်ရှိခဲ့ပြီး မတ်လပထမပတ်တွင် ကြက်ငှက်တုပ်ကွေးရောဂါ ဗိုင်းရပ်(စ်)ပိုး (H5 N1) စတင်စစ်ဆေးတွေ့ရှိခဲ့ရာမှ ယခုအခါ စစ်ကိုင်းတိုင်း ရွှေဘို၊ ခင်ဦး၊ ကန့်ဘလူ၊ ရေဦးမြို့နယ်များနှင့် မန္တလေးတိုင်း ပြည်ကြီးတံခွန်၊ ချမ်းမြသာစည်၊ ချမ်းအေးသာစံ၊ မဟာအောင်မြေ၊ အောင်မြေသာစံ၊ အမရပူရမြို့နယ်တို့တွင် ကြက်ငှက်တုပ်ကွေးရောဂါ ကျရောက်ဖြစ်ပွားခဲ့ရာ ကြက်မွေးမြူရေးခြံ ၂၂၆ ခြံ၊ ကြက်ကောင်ရေ ၁ ဒသမ ၄သိန်း၊ ကြက်ဥ ၇၀၅၆၀၊ ငုံးမွေးမြူရေးခြံ ၆၃ ခြံမှ ငုံးကောင်ရေ ၁ ဒသမ ၃ သိန်း၊ ငုံးဥ ၅၁၈၅၅ လုံးဖျက်ဆီးခဲ့သည်။ ရောဂါဖြစ်မြို့နယ်များအတွက် ရောဂါကန့်သတ်နယ်မြေများ၊ ထိန်းချုပ်နယ်မြေများ သတ်မှတ်၍ ကြက်နှင့်ကြက်ထွက်ပစ္စည်း၊ မွေးမြူရေးလုပ်ငန်းအသုံးအဆောင်ပစ္စည်းများ သယ်ယူပြောင်းရွှေ့တားမြစ်မှုများအရ ရောဂါထိန်းချုပ်မှုများ ဆောင်ရွက်လျက်ရှိသည်။ ရောဂါထိန်းချုပ်မှုလုပ်ငန်းများကို မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်၊ ဒေသအာဏာပိုင်များ ပူးပေါင်း၍ ရောဂါထိန်းချုပ်မှုများ အထူးကြပ်မတ် ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများဖြစ်သော FAO/ JICA/ ဩစတြေးလျနိုင်ငံ ဂျီလောင်းမြို့ရှိ အမျိုးသားတိရစ္ဆာန်ကျန်းမာရေး ဓာတ်ခွဲခန်း၊ ထိုင်းနိုင်ငံတိရစ္ဆာန် မွေးမြူရေးဖွံ့ဖြိုးမှုဌာန DLD တို့နှင့် ပူးပေါင်း၍ ရောဂါထိန်းချုပ်ရေး နည်းပညာအကူအညီများ၊ လုပ်ငန်းသုံးပစ္စည်း၊ ဓာတ်ခွဲခန်းသုံးပစ္စည်းအကူအညီများရယူ၍ ပူးပေါင်း ဆောင်ရွက်လျက်ရှိသည်။ FAO ဒေသညှိနှိုင်းရေးမှူး Dr. Watanee နှင့် အမေရိကန်နိုင်ငံ USAID မှ Dr.J.Mac.Arther တို့သည် မြန်မာနိုင်ငံသို့ နှစ်ကြိမ်ရောက်ရှိလာပြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနပညာရှင်များနှင့် ကြက်ငှက်တုပ်ကွေးရောဂါ ထိန်းချုပ်ရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ခဲ့ပြီး Dr. J.Mac Arther အနေဖြင့် မြန်မာနိုင်ငံ ကြက်ငှက်တုပ်ကွေးရောဂါထိန်းချုပ်မှုကို မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာနတို့နှင့် ဒေသအာဏာပိုင်အဖွဲ့အစည်းတို့၏ အင်တိုက်အားတိုက် ပူးပေါင်းဆောင်ရွက်မှု၊ ကြက်တုပ်ကွေးရောဂါ စတင်ဖြစ်ပွားမှု သတင်းကို သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများသို့ ပွင့်လင်းကြည်လင်သော ကြေညာချက်များထုတ်ပြန်မှုနှင့် ရောဂါထိန်းချုပ်မှုကို ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများကို အသိအမှတ်ပြုပါကြောင်းဖြင့် ပြောကြားသည်။ ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်း ဆောင်ရွက်ရေး အေဂျင်စီ (JICA) မှ ကြက်ငှက်တုပ်ကွေးရောဂါ ကျွမ်းကျင်သူပညာရှင် Dr. Sudarat သည် မတ် ၂၈ ရက်တွင် ရောက်ရှိလာပြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ပညာရှင်များနှင့် ပူးပေါင်း၍ ကြက်ငှက်တုပ်ကွေးရောဂါ စစ်ဆေးမှုကို ခေတ်မီနည်းပညာရပ်များ အသုံးပြု၍ ရောဂါရှာဖွေစစ်ဆေးနည်းများကို နှစ်ပတ်ကြာ ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်သည်။ ယင်းအပြင် FAO မှ ဒေသ ညှိနှိုင်းရေးမှူး Dr.Watanee နှင့်အတူ ကြက်ငှက်တုပ်ကွေးရောဂါ ပျံ့နှံ့မှု ပူးပေါင်း ဆောင်ရွက်ရေးပညာရှင် Dr.Prasit သည် မတ် ၃၁ ရက်တွင် ရောက်ရှိလာပြီး စစ်ကိုင်းတိုင်းနှင့် မန္တလေးတိုင်းအတွင်း ကြက်ငှက်တုပ်ကွေးရောဂါ ပျံ့နှံ့မှုကို ဒေသခံ တိရစ္ဆာန်ဆေးကုဆရာဝန်များနှင့် နှစ်ပတ်ကြာ ပူးပေါင်းဆောင်ရွက်သွားကြမည်ဖြစ်သည်။ ကြက်ငှက်တုပ်ကွေးရောဂါ ထိန်းချုပ်ရေး လုပ်ငန်းများအတွက် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၏ အကူအညီ ရယူဆောင်ရွက်လျက်ရှိရာတွင် ရောဂါကာကွယ်ရေးဝတ်စုံ၊ ဆေးဖျန်းပုံး၊ ပိုးသတ်ဆေးများ၊ ဓာတ်ခွဲခန်းသုံးပစ္စည်းများ၊ အပြည်ပြည်ဆိုင်ရာ ကျွမ်းကျင်သူပညာရှင်များ၊ ပြည်သူလူထု ပညာပေးအထောက်အကူပြုရုပ်ပြ ပိုစတာများ စုစုပေါင်း ထောက်ပံ့ကူညီမှု တန်ဖိုး အမေရိကန်ဒေါ်လာ ငါးသိန်းကျော် လက်ခံရရှိအကောင် အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ သတင်းရရှိသည်။ (သတင်းစဉ်)

ဧပြီ ၂ရက်က လမ်းမတော်မြို့နယ် သရက်တောကျောင်းတိုက် ပရိယတ္တိ အလယ်တိုက်၌ ကျင်းပသည့် စူဠဘွဲ့နှင်းသဘင်အခမ်းအနားနှင့် (၂၂)ကြိမ်မြောက် မြို့နယ်ပရိယတ္တိစာအောင် ဆုနှင်းသဘင်အခမ်းအနားတွင် မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ မုန်ကျောင်းဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာဇောတနှင့် ဆရာတော်ကြီးများအား လမ်းမတော်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်ဇော်နှင့်ဇနီး ဒေါ်တင်တင်မူတို့ လှူဖွယ်ပစ္စည်းများ ဆက်ကပ်စဉ်။ (၄၃)

သဃ်န်းကျွန်းမြို့နယ် သုဒဿနလမ်း (၁၆/၂) ရပ်ကွက် ဗြဟ္မဝိဟာရစာသင်တိုက်ရှိ နာရေးကူညီမှု အသင်း (ရန်ကုန်)သို့ ရန်ကုန်မြို့ အရှေ့ရန်ကင်း တိုက်အမှတ် (၃၀၆)၊ အခန်း(၁၂)နေ ဒေါ်မေမေထား မိသားစုက ငွေကျပ် ၁၅၀၀၀၀ လှူဒါန်းရာ အတွင်းရေးမှူး ဦးစန်းမြင့် လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)



တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်နှင့် ဝန်ကြီး ဦးအောင်သောင်း တောင်ကြီး အေးသာယာစက်မှုဇုန် စက်ရုံများကြည့်ရှုစစ်ဆေး

ရန်ကုန် ဧပြီ ၂

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်နှင့် အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းတို့သည် ယမန်နေ့ နံနက် ၆ နာရီခွဲတွင် တောင်ကြီးမြို့ ဝင်းသူဇာအရောင်းဆိုင်သို့ရောက်ရှိပြီး စက်မှု(၁) ထုတ်ကုန်ပစ္စည်းများရောင်းချမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ ပစ္စည်းများ ပြတ်လပ်မှုမရှိရေး၊ စနစ်တကျပစ္စည်းများ မှာယူသိုလှောင်ရေးမှာကြားသည်။

ထို့နောက် ဝန်ကြီးသည် ဆိုင်ဝန်ထမ်းများနှင့်တွေ့ဆုံကာ လုပ်ငန်းတာဝန်များ ကြိုးပမ်းဆောင်ရွက်ရေးနှင့် ရှေ့ဆက်လက် ဆောင်ရွက်သွားရမည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် အရောင်းဆိုင်ရှိ ပစ္စည်းသိုလှောင်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို မှာကြားသည်။

ထိုမှတစ်ဆင့် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် အေးသာယာမြို့သစ်၊ စက်မှုဇုန်အတွင်းရှိ မြန်မာအင်းလေး စားသောက်ကုန် စက်မှုလုပ်ငန်းလီမိတက်၊ မြန်မာအင်းလေး ခရမ်းချဉ်သီးထွက် စားသောက်ကုန် ပစ္စည်းစက်ရုံသို့ ရောက်ရှိစစ်ဆေးပြီး စားသောက်ကုန်လုပ်ငန်းများဖြစ်သည်နှင့်အညီ GMP စနစ်အား တိကျစွာ လိုက်နာဆောင်ရွက်သွားရေးမှာကြားသည်။

ယင်းနောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ဓာတ်ခွဲခန်းရှိ ဓာတ်ခွဲစမ်းသပ်မှု အခြေအနေများကို လည်းကောင်း၊ အချိုရည်ထုတ်လုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများကို လည်းကောင်းကြည့်ရှုပြီးဝန်ကြီးက ထုတ်လုပ်မှုလုပ်ငန်းအား အောင်မြင်ရေး စီမံဆောင်ရွက်သွားရန်မှာကြားသည်။

ထိုမှတစ်ဆင့် တိုင်းမှူး၊ ဝန်ကြီးတို့သည် ခြံစည်းရိုးကြက်ဆူပင်ပျိုးခင်းသို့ ရောက်ရှိပြီး ကြက်ဆူပျိုးပင် နှစ်သိန်းပျိုးထောင်ထားမှု အခြေအနေများကို လည်းကောင်း၊ တောင်ကြီးမြို့နယ် အေးသာယာစက်မှုဇုန်သို့ ရောက်ရှိပြီး ခြံစည်းရိုးကြက်ဆူပင် စံပြပျိုးခင်း အမှတ် (၂) ၏ ပျိုးပင်သုံးသိန်းခွဲ ပျိုးထောင်ထားမှု အခြေအနေများကို လည်းကောင်း ကြည့်ရှုစစ်ဆေးကာ တစ်အုပ်တစ်မ စိုက်ပျိုးသွားရေး မှာကြားသည်။

ထိုမှတစ်ဆင့် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဥက္ကဋ္ဌ ဝန်ကြီး ဦးအောင်သောင်းတို့သည် အေးသာယာစက်မှုဇုန် အစည်းအဝေးခန်းမသို့ ရောက်ရှိပြီး စက်မှုဇုန်ကြီးကြပ်ရေးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အေးသာယာစက်မှုလုပ်ငန်းကုမ္ပဏီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ စက်မှုလုပ်ငန်းရှင်များနှင့် တွေ့ဆုံသည်။

ရှေးဦးစွာ စက်မှုဇုန်အဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ကြည်၊ အေးသာယာမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ၊ ပြည်နယ်စက်မှုစစ်ဆေးရေးနှင့် ကြီးကြပ်ရေးဦးစီးဌာန၊ ဦးစီးမှူး ဦးထွန်းရွှေတို့က စက်မှုဇုန်နှင့် ပတ်သက်သော အခြေအနေများကို တင်ပြကြသည်။

ကော်မတီဥက္ကဋ္ဌ ဝန်ကြီး ဦးအောင်သောင်းက တင်ပြချက်အသီးသီးအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးပြီးနိုင်ငံတော်အနေဖြင့်စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရန် အဘက်ဘက်မှ အားပေးကူညီပေးလျက်ရှိရာ စက်မှုလုပ်ငန်းရှင်များအနေဖြင့်လည်း နိုင်ငံတော်၏ စေတနာကို လေးစားသောအားဖြင့် အစုထည့်ဝင်ငွေကြေးများကို အပြည့်အဝထည့်ဝင်ကြရန် တိုက်တွန်းပါကြောင်း၊ စက်ရုံ၏ လည်ပတ်ထုတ်လုပ်မှု လုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားရန်လည်း လိုကြောင်းဖြင့် အကျယ်တဝင့် ဆွေးနွေးမှာကြားပြီး သွင်းကုန်အစားထိုး စက်အရန်ပစ္စည်းများ အမယ်စုံ ထုတ်လုပ်သွားရေး၊ ထုတ်လုပ်သော ပစ္စည်းများ၏အရည်အသွေး ကောင်းမွန်ရေး၊ စက်ရုံ၏ အခြေခံအချက်အလက်များကို စနစ်တကျ လေ့လာဆောင်ရွက်ရေးတို့ကို ဆွေးနွေးမှာကြားသည်။

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် Foundry Shop သို့ ရောက်ရှိပြီး ပုံလောင်းပြီးဖြစ်သည့် စက်အပိုပစ္စည်းများဖြစ်သည့် Wheel Clutch များ၊ Fly wheel များ၊ Brake Drum များ၊ Hilux Brake များကိုလည်းကောင်း၊ သဲသန့်စင်ခြင်းနှင့် သဲပုံလောင်းခြင်း လုပ်ငန်းများကို လည်းကောင်း၊ သံရည်ကျိုခြင်းနှင့် သဲပုံလောင်းခြင်းအခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များ မှာကြားသည်။

ထိုမှတစ်ဆင့် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် Machine Shop သို့ ရောက်ရှိကာ စက်ရုံထုတ် စက်အရန်ပစ္စည်းများကို ကြည့်ရှုစစ်ဆေးကာ အများကြိုက်နှစ်သက်သည့် သွင်းကုန်အစားထိုးစက် အရန်ပစ္စည်းများ တိုးတက်ထုတ်လုပ်သွားရေး မှာကြားသည်။

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် စက်ရုံထုတ် ကြက်ဆူဆီကြိတ်စက်များကိုလည်း ကောင်း၊ Van Brake Drum များနှင့် Light Ace Brake Drum များကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီး ဦးအောင်သောင်းသည် နံနက် ၉နာရီခွဲတွင် ဟဲဟိုးမြို့ မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း၊ ဆေးဝါးကုန်ကြမ်းစိုက်ကွင်း အစည်းအဝေးရှင်းလင်းဆောင်သို့ ရောက်ရှိပြီး အလုပ်ရုံခွဲမှူးနှင့် တာဝန်ရှိသူများကို တွေ့ဆုံသည်။

ရှေးဦးစွာ အလုပ်ရုံခွဲမှူး ဒေါက်တာမြင့်မောင်က ဆေးဝါးကုန်ကြမ်းစိုက်ကွင်းများ ပျိုးထောင်စိုက်ပျိုးမှုအခြေအနေများနှင့်အခြားသီးနှံပင်များ စိုက်ပျိုးမှု အခြေအနေများ၊ ဒေသတွင်းပေါက်ရောက်သော တိုင်းရင်းပရဆေးပင်များ ပျိုးထောင်စိုက်ပျိုးမှု အခြေအနေများ၊ မြင်းမွေးမြူရေးကိစ္စများကို ရှင်းလင်းတင်ပြရာ မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း အထွေထွေမန်နေဂျာ ဦးတင်မောင်ဝင်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဝန်ကြီးက တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ဆေးဝါးကုန်ကြမ်း ပရဆေးပင်များ တိုးချဲ့စိုက်ပျိုးသွားရေး၊ ခြံစည်းရိုးကြက်ဆူပင်များ တစ်အုပ်တစ်မစိုက်ပျိုးသွားရေးမှာကြားသည်။

ထို့နောက် ဝန်ကြီးသည် ငှက်ဖျားရောဂါကာကွယ်ဆေး ထုတ်လုပ်ရာတွင် အဓိက အသုံးပြုသော အာတီမီးစီးယား စိုက်ပျိုးထားမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး အာတီမီးစီးယားဆေးပင်များ တိုးချဲ့စိုက်ပျိုးသွားရေး၊ မျိုးများ ဆက်လက်ပွားများလာရန် စနစ်တကျ ပျိုးထောင်ထားရှိရေး မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် မြင်းလေ့ကျင့်ကွင်း၌ မြင်းများအားလေ့ကျင့်နေမှုအခြေအနေများ၊ မြင်းသားပေါက်များကိုလည်းကောင်း၊ မြင်းဖောင်းများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ဝန်ကြီးသည် နံနက် ၁၀နာရီခွဲတွင် ကလောမြို့သို့ရောက်ရှိပြီး နယ်မြေခံတပ်နယ်မှ တပ်မတော်သားများ၊ မိသားစုဝင်များနှင့်တွေ့ဆုံပြီး မိသားစုဝင်များအတွက် လက်ဆောင်ပစ္စည်းများဖြစ်သည့် အမျိုးသမီးဝတ်ပွင့်ရိုက်အထည် အစုံ ၁၄၀၊ ယောကျ်ားဝတ်အင်္ကျီ ၃၀၀၊ရွှေဝါဆပ်ပြာအတောင့် ၃၂၀နှင့် ကျောင်းသုံးဗလာစာအုပ်ဒါဇင် ၂၀၀ကိုပေးအပ်သည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဦးအောင်သောင်းသည် ညနေ ၃ နာရီတွင် မန္တလေးတိုင်း၊ သာစည်မြို့ ဆပ်ပြာစက်ရုံသို့ရောက်ရှိပြီး စက်ရုံကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဗဟိုအတွင်းရေးမှူး ဦးအောင်သောင်းသည် ဆပ်ပြာစက်ရုံ အစည်းအဝေးခန်းမ၌ မိတ္ထီလာခရိုင် သာစည်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်နှင့်စည်းရုံးရေးမှူးများအား တွေ့ဆုံသည်။

ရှေးဦးစွာသာစည်မြို့နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးမိုးမြင့်သိန်းက ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေများနှင့် ရှေ့ဆက်လက်ဆောင်ရွက်သွားမည့်လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအလုပ်အမှုဆောင် ဦးသိန်းထွန်းက ပြည်သူ့အကျိုးပြုလုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဗဟိုအတွင်းရေးမှူး ဦးအောင်သောင်းက တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အရည်အချင်း အရည်အသွေး ပြည့်ဝသော အသင်းဝင်များ ပျိုးထောင်မွေးမြူရေး၊ အသင်းဝင်အင်အား တိုးပွားလာရန် စည်းရုံးဆောင်ရွက်ရေး၊ အထူးသဖြင့် ခြံစည်းရိုးကြက်ဆူပင်များ တစ်အုပ်တစ်မ စိုက်ပျိုးသွားရေးအတွက် ပြည်သူများအား စည်းရုံးဆောင်ရွက်သွားရေး မှာကြားသည်။

ဝန်ကြီးဦးအောင်သောင်းသည် ညနေ ၆နာရီတွင် မန္တလေးတိုင်း တောင်သာမြို့သို့ရောက်ရှိပြီး တောင်သာမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး အစည်းအဝေးခန်းမ၌ မြင်းခြံမြို့နယ်နှင့် တောင်သာမြို့နယ်များရှိ ဌာနဆိုင်ရာများ၊ ကုန်သည်ပွဲစားများနှင့် တွေ့ဆုံပြီး ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်ရေးကိစ္စများ၊ ကုန်စည်စီးဆင်းမှု မြန်ဆန်ရန် လမ်း တံတားများ တည်ဆောက်အကောင်အထည်ဖော် ပြီးစီးမှု အခြေအနေများ၊ ဒေသတစ်ခုမှဒေသတစ်ခုသို့ ဒေသထွက်သီးနှံကုန်စည်များ သယ်ယူပို့ဆောင်ရာ၌ ကူညီပံ့ပိုးသွားမည့် အစီအမံများကို အသေးစိတ်ဆွေးနွေးမှာကြားသည်။

(သတင်းစဉ်)

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်နှင့် အမှတ် (၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းတို့ တောင်ကြီးမြို့ ဝင်းသူဇာအရောင်းဆိုင်တွင် ကြည့်ရှုစစ်ဆေးကြစဉ်။ (စက်မှု-၁)

အခြေခံဝန်ထမ်းလောင်းသင်တန်းနှင့် အကြိုဝန်ထမ်းလောင်းသင်တန်းဆင်း

ရန်ကုန် ဧပြီ ၂

အခြေခံဝန်ထမ်းလောင်းသင်တန်း အမှတ်စဉ်(၁၇၁)နှင့် အကြိုဝန်ထမ်းလောင်းသင်တန်း အမှတ်စဉ်(၂၁)တို့၏ သင်တန်းဆင်းပွဲအခမ်းအနားကို မတ်၃၀ရက် နံနက်ပိုင်းတွင် ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) စစ်ရေးပြကွင်း၌ကျင်းပရာ သင်တန်းဆင်းတပ်ခွဲက ပါမောက္ခချုပ် ဦးဝင်းမောင်အား ချီတက်အလေးပြုကြသည်။

ပါမောက္ခချုပ် ဦးဝင်းမောင်က အခြေခံဝန်ထမ်းလောင်းသင်တန်း အမှတ်စဉ်(၁၇၁)မှ သင်တန်းသားစံပြဆုကို သင်တန်းသားအမှတ်(၁၆၈) ဦးနိုင်နိုင်၊ လက်ထောက်မန်နေဂျာ မြန်မာ့စီးပွားရေးဘဏ်အားလည်းကောင်း၊ သင်တန်းသူစံပြဆုကို သင်တန်းသူအမှတ်(၁၂၅) ဒေါ်ဝင်းဝင်းဝါ၊ လက်ထောက်ဆရာဝန် ကျန်းမာရေးဦးစီးဌာနအားလည်းကောင်း၊ အကြိုဝန်ထမ်းလောင်းသင်တန်း အမှတ်စဉ်(၂၁)မှ သင်တန်းသားစံပြဆုကို သင်တန်းသားအမှတ်(၃၁) ဦးအောင်ကိုကိုမင်း ဦးစီးအရာရှိ ဆည်မြောင်းဦးစီးဌာနအား လည်းကောင်း၊ သင်တန်းသူစံပြဆုကို သင်တန်းသူအမှတ်(၄) ဒေါ်အယ်လ်နန်အိန် လက်ထောက်အင်ဂျင်နီယာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းအားလည်းကောင်း ဆုများအသီးသီးချီးမြှင့်သည်။

ဆက်လက်၍ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) အုန်းတောခန်းမ၌ ပါမောက္ခချုပ် ဦးဝင်းမောင်က သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းဆင်းအောင်လက်မှတ်များ ချီးမြှင့်သည်။

ယင်းသင်တန်းဆင်းအခမ်းအနားသို့ ဒုတိယပါမောက္ခချုပ်များ၊ ဌာနကြီးမှူးများ၊ ဌာနမှူးများ၊ ကထိကများ၊ သင်တန်းမှူးများ၊ လက်ထောက်ကထိကများ၊ ဌာနစုမှူးများ၊ နည်းပြဆရာများနှင့် သင်တန်းသား၊ သင်တန်းသူများ၏ မိဘဆွေမျိုးများ တက်ရောက်ကြသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၃-၄-၂၀၀၆ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇:၄၀	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀	၇။	ခါသကြီန်အဆိုအကများ
၇:၅၅	၈။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅	၁၁။	အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၂။	ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၀	၃။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၁၅	၄။	ခါသကြီန်အဆိုအကများ
၄:၂၅	၅။	လက်စွမ်းပြဟန်ဂီတသံ
၄:၃၀	၆။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၃၅	၇။	မျိုးချစ်တပ်မတော်
၄:၅၀	၈။	ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
၅:၃၀	၉။	ခါသကြီန်အဆိုအကများ
၅:၄၅	၁၀။	သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၂။	နိုင်ငံတကာသတင်း
၆:၂၀	၁၃။	မိုးလေဝသသတင်း
၆:၂၅	၁၄။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၄၀	၁၅။	လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၆။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မေတ္တာသည်သာ"(အပိုင်း-၂)**
၈:၀၀	၁၇။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၈။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၉။	ကျန်းမာသုတ
	၂၀။	မေးမြန်းစုစမ်း
	၂၁။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၂။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ကောင်းကင်သိုင်းကွက်" (အပိုင်း-၁၇)**
	၂၃။	သင့်အတွက်မနက်ဖြန်
	၂၄။	အပိတ်နှုတ်ဆက်စကား
	၂၅။	ပြီးပါပြီ။

သတိ

အရက်/ဘီယာများအား မော်တော်ယာဉ်များဖြင့် လှည့်လည်ရောင်းချခြင်း၊ မဏ္ဍပ်များအနီးနှင့် အခြားနေရာများတွင် တရားမဝင် ရောင်းချခြင်းမပြုလုပ်ရန် တားမြစ်သည်။

မဟာသင်္ကြန်စည်းကမ်းထိန်းသိမ်းရေးကော်မတီ

သတိ

ရန်ကုန်မြို့တော်အတွင်း ဟွန်းမတီးရ။

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကော်မတီ

မြစိမ်းကျွန်း ဖြစ်ပေါ်ပြောင်းလဲမှုကြောင့် ရန်ကုန်ဆိပ်ကမ်းအဝင် ရေလမ်းကြောင်းပြောင်းလဲမှု ဒုတိယဝန်ကြီး ဦးဖေသန်း သွားရောက်စစ်ဆေး

ရန်ကုန် ဧပြီ ၂

ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးဖေသန်းသည် မြန်မာ့ဆိပ်ကမ်း အာဏာပိုင်မှတာဝန်ရှိသူများ လိုက်ပါလျက် ရန်ကုန်ဆိပ်ကမ်းသို့ ပင်လယ်ပြင်မှ အဝင်လမ်းကြောင်းကို ယမန်နေ့နံနက်ပိုင်းတွင် ရေယာဉ်ဖြင့် သွားရောက်ကြည့်ရှု စစ်ဆေးသည်။

ရေလမ်းကြောင်းအသစ်

ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ကျောက်တန်းချောင်းအလွန် ရေလယ်၌ သောင်ပြင်မှ ကျွန်းအဖြစ်သို့ ပြောင်းလဲတိုးတက်လာသော မြစိမ်းကျွန်း၏ဖြစ်ပေါ် ပြောင်းလဲမှုကို စစ်ဆေးပြီး ယင်းကျွန်း၏ဖြစ်ပေါ် ပြောင်းလဲမှုအဆက်အစပ်ကြောင့် ပင်လယ်ကူးသင်္ဘောကြီးများ ရန်ကုန်ဆိပ်ကမ်း အဝင်ရေလမ်းကြောင်း ပြောင်းလဲမှုကို စစ်ဆေးသည်။ ယခင်အသုံးပြုလျက်ရှိသော ရေကြောင်းမှာ တိမ်ကောကျဉ်းမြောင်းလာ၍ ရေလမ်းကြောင်းအသစ် ရှာဖွေသတ်မှတ်ခဲ့ရာ ရေလမ်းကြောင်းအသစ်မှာ ရေအနက်ကောင်းမွန်ပြီး ယင်းရေကြောင်းအတွင်း ဝန်ပြည့်ကုန် တင်ဆောင်ထားသော ရေယာဉ်ကြီးများ အန္တရာယ်ကင်းစွာ ခုတ်မောင်းသွားလာနိုင်ရေးအတွက် ရေအနက်အနည်းငယ် အကန့်အသတ်ရှိသောနေရာများ၌ တရွတ်ဆွဲသောင်စုပ်စနစ်ဖြင့် တူးဖော်ဖယ်ရှားရန် တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ရေလမ်းကြောင်းကို တစ်ဖြောင့် တစ်တန်းတည်းရှိစေရန်နှင့် ရေလမ်းကြောင်း အကျယ်ပေ ၂၇၀၀ ရှိရန်အတွက် လမ်းကြောင်း ဝဲ/ယာ၌ မီးအချက်ပြဗော်ယာများ သတ်မှတ်ချထားမှုကို ကြည့်ရှုစစ်ဆေးပြီး ဝန်လေးတင်ရေယာဉ်ကြီးများ ဝန်ပြည့်တင်ဆောင်နိုင်ရန်၊ အတွင်းစည်းခုံကိုလည်း ရေအနက်ရရှိစေရန်အတွက် စီမံဆောင်ရွက်ထားရေးဆွေးနွေး မှာကြားခဲ့သည်။ (သတင်းစဉ်)

မြန်မာ့ယဉ်ကျေးမှုသကြ်န်

- အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းပါ။
- သရုပ်ပျက်ယဉ်ကျေးမှုကို ရှောင်ကြဉ်ပါ။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို မြန်မာ့ယဉ်ကျေးမှု သကြ်န်ဖြင့် မြှင့်တင်ပါ။

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

ရေခဲထုပ်၊ ရေပူဖောင်း ဆပ်ပြာရည်ဂျက်စ်ဘူးဖြင့် ကစားက

၁။ လက်ဝယ်တွေ့သူ ထောင်(၁)နှစ်၊
၂။ ကစားသူ ထောင်(၃)နှစ်၊
၃။ ထုတ်လုပ်ရောင်းချသူ ထောင်(၅)နှစ်နှင့် ပစ္စည်းကိုသိမ်း

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသကြ်န် ဆင်နွှဲသူများလိုက်နာရန် တိုက်တွန်းနှိုးဆော်ချက်

(က)မြန်မာ့ရိုးရာ ယဉ်ကျေးမှုဓလေ့စရိုက်နှင့် ဖီလာဆန့်ကျင်ပြီးမြန်မာလူမျိုးများ၏ အမြင်တွင် မတင့်တယ်သည့် ဝတ်စားဆင်ယင်မှု၊ ပြုမူပြောဆိုမှုများ မပြုလုပ်ရန်။
(ခ)ဗုဒ္ဓဘာသာယဉ်ကျေးမှုအဆုံးအမနှင့် ဖီလာဆန့်ကျင်သည့်အပြုအမူ၊ ပြောဆိုမှုများ မပြုလုပ်ရန်။
(ဂ)အချင်းချင်း ဒဏ်ရာအနာတရဖြစ်စေပြီး အန္တရာယ်ဖြစ်စေသည့် ကြမ်းတမ်းသည့် ရေကစားမှုများ မပြုလုပ်ရန်။
(ဃ)တိုင်းရင်းသား စည်းလုံးညီညွတ်မှုကို ပျက်ပြားစေပြီး ဆူပူမှုကို ဖြစ်စေနိုင်သည့် လှုံ့ဆော်ဖန်တီးပြုမှု ပြောဆို၊ ကြိုးပမ်းမှုများကို မပြုလုပ်ရန်။

မဟာသကြ်န်စည်းကမ်းထိန်းသိမ်းရေးကော်မတီ

ပြည်ပ အားကစား သတင်းများ

ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲ ပွဲစဉ်(၃၂) ချယ်လ်ဆီးနှင့်ဘာမင်ဂမ် ဂိုးမရှိသရေကျ

လန်ဒန် ဧပြီ ၂

အင်္ဂလန်ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲ ပွဲစဉ်(၃၂)ကို စနေနေ့က ကျင်းပသည်။ စိန့်အင်ဒရူးကွင်းတွင် ကျင်းပသည့်ပွဲ၌ ချန်ပီယံ ချယ်လ်ဆီးအသင်းနှင့် တန်းဆင်းဇုန်သို့ ရောက်ရှိရန် ခြိမ်းခြောက်ခံနေရသော ဘာမင်ဂမ်အသင်းတို့ ဂိုးမရှိ သရေကျခဲ့ရာ ထိပ်တန်းတွင်ရှိနေသော အသင်းအတွက် စိတ်ပျက်စရာ ရလဒ်ဖြစ်သည်။

ဘော်လ်တန်-မန်ယူ

ဘော်လ်တန်အသင်းနှင့် မန်ချက်စတာယူနိုက်တက် အသင်းတို့၏ ပွဲတွင် မန်ချက်စတာ ယူနိုက်တက် အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသည်။ ဘော်လ်တန်အသင်းသည် ယခုပွဲတွင် ရှုံးနိမ့်ရခြင်း မရှိစေရန် အပြင်းအထန် ကြိုးပမ်းခဲ့သော်လည်း မျှော်မှန်းသလို ဖြစ်မလာခဲ့ပေ။

ပွဲချိန် ၂၆မိနစ်တွင် ကီဗင်ဒေဗီက ညှော်သည်အသင်းအတွက် ဂိုးသွင်းယူသည်။ သို့ရာတွင် နောက်ထပ် ခုနစ်မိနစ်အကြာတွင် လူးဝစ်ဆာဟာက မန်ချက်စတာ ယူနိုက်တက်အသင်းအတွက် ချေပဂိုးသွင်းယူနိုင်ခဲ့သည်။

ဧပြီ ၁ရက်က စိန့်အင်ဒရူးကွင်းတွင် ကျင်းပသောပွဲတွင် ဘာမင်ဂန်အသင်း၏ ဘောလုံးသမားနှစ်ဦးကြားကို ဖြတ်၍ ချယ်လ်ဆီးအသင်းမှ အာဂျင်ရော်ဘင် ဘောလုံးကိုဆွဲယူစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*



ဧပြီ ၁ရက်က အင်္ဂလန် ဘော်လ်တန်မြို့ရှိ ရီးဘွတ်အားကစားကွင်းတွင် ကျင်းပသော ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲ၌ မန်ယူအသင်းမှ တိုက်စစ်မှူး ဝိန်းရူနီ၏ ကန်သွင်းချက်ကို ဘော်လ်တန်ဂိုးသမား ကာကွယ်စဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

မန်ယူအသင်းအတွက် အနိုင်ဂိုးကို ရုဒ်ဗန်နစ္စတယ်လ်ရွိုင်းကပွဲချိန် ၇၉မိနစ်တွင် အနီးကပ် ကန်သွင်းယူခဲ့သည်။

ဝက်စ်ဘရွန်း-လီဗာပူး

လီဗာပူးအသင်းက ဝက်စ်ဘရွန်း အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသော ပွဲဖြစ်သည်။

ပွဲချိန် ၇မိနစ်တွင် လီဗာပူးတိုက်စစ်မှူး ရော်ဘီဖောင်လာက ဝက်စ်ဘရွန်း အသင်း နောက်တန်း လျော့ရိလျော့ရဲဖြစ်မှုကို အခွင့်အရေးရယူကာ ဂိုးသွင်းနိုင်ခဲ့သည်။ ဖောင်လာ၏ ရှေ့တန်းကစားဖက်ဖြစ်သူ ဂျီဘရီးစစ်သည် အလွန်ဆို အဝေးမှ ဖြတ်ပို့ပေးလိုက်သည့် ဘောလုံးကို ထိန်းချုပ်ရယူကာ ပွဲချိန် ၃၈မိနစ်တွင် အနိုင်ဂိုးသွင်းယူခဲ့သည်။

အခြားပွဲရလဒ်များ

- နယူးကာဆယ်- စပါး (၃-၁)
- အာဆင်နယ်- အက်စတန်ဗီလာ (၅-၀)
- အယ်ဗာတန် ဆန်းဒါးလန်း (၂-၂)
- ဖူလ်ဟမ်- ပို့စ်မောက် (၁-၃)

အမ်အင်အေ၊ရိုက်တာ။

အီတလီ စီးရီးအေ ဘောလုံးပြိုင်ပွဲ ဂျူဗင်တပ်စ်နှင့် ထရီဗစ်ဆို သရေကျ

ရောမ ဧပြီ ၂

အီတလီနိုင်ငံ ရောမမြို့တွင် စနေနေ့က ကျင်းပသည့် စီးရီးအေဘောလုံးပြိုင်ပွဲတွင် ဂျူဗင်တပ်စ်အသင်းနှင့် အောက်ဆုံးအဆင့်တွင်ရှိနေသော ထရီဗစ်ဆိုအသင်းတို့ ဂိုးမရှိသရေကျခဲ့သော်လည်း ဂျူဗင်တပ်စ်အသင်းသည် ချန်ပီယံဆုဖလားကို ဆက်လက်ထိန်းသိမ်းနိုင်ရန် ဦးတည်လျက်ရှိသည်။

ထရီဗစ်ဆို တင်နီအားကစားကွင်းတွင် ကျင်းပသည့်ပွဲ၌ ဂိုးမရှိ သရေကျခဲ့သည့် ရလဒ်မှာ လက်ရှိချန်ပီယံ ဂျူဗင်တပ်စ်အသင်းအတွက် စိတ်ပျက်ဖွယ်ရာကောင်းသည်။ ထိုစဉ်အတွင်း ဗီယာဒဲလ်မား အားကစားကွင်းတွင် ကျင်းပသည့်ပွဲတွင် ထိပ်တန်းအသင်းတစ်သင်းဖြစ်သည့် အေစီမီလန်အသင်းကို နောက်ဆုံးအဆင့်တွင် ရောက်ရှိနေသော လက်ချီအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ ဂျူဗင်တပ်စ်အသင်းသည် ဒုတိယနေရာ၌ရှိနေသော အေစီမီလန်အသင်းထက် ကိုးမှတ် အသာရရှိထားပြီး နောက်ထပ် ခြောက်ပွဲမျှသာ ကစားရန် ကျန်ရှိတော့သည်။ ချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ် ပထမအကျော့တွင် အာဆင်နယ်အသင်းကို ရှုံးနိမ့်ခဲ့သော ဂျူဗင်တပ်စ်အသင်းမှာ စိတ်ဖိစီးမှုခံစားခဲ့ရာမှ ယခုအခါ ပြန်လည်အားတက်လာနိုင်ပြီဖြစ်သည်။

အင်တာနက်။

ဧပြီ ၁ရက်က ကျင်းပသည့် စီးရီးအေဘောလုံးပြိုင်ပွဲတွင် ဂျူဗင်တပ်စ်အသင်းမှ အက်ဒရီယန်မူတူး (ဝဲ)နှင့် ထရီဗစ်ဆိုအသင်းမှ အိမန်ဂျူလီဗီလီပီနီတို့ကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၃-၄-၂၀၀၆ (တနင်္လာနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	ထိန်းသိမ်းထာဝစဉ် မညှိုးပန်းအသွင်
၇း၂၀	တေးဂီတအစီအစဉ်
၇း၂၅	အနုပညာရုပ်ဝန်းမှ ပွဲတင်သံများ (မိုးသကြ်န်)
၇း၅၀	နိုင်ငံတကာသတင်းအကျဉ်း
၇း၅၅	တေးဂီတအစီအစဉ်
၈း၀၀	အမှတ်(၁)သတ္တုတွင်းလုပ်ငန်း မြေလွှာကိုဖွင့်ပြည်ကိုမြှင့်အံ့ (အပိုင်း-၁)
၈း၁၀	မိုလေဝသ ခန့်မှန်းချက်
၈း၁၅	တေးဂီတအစီအစဉ်
၈း၂၀	လှပဆင်ယင် သတို့သမီးဖက်ရှင်
၉း၀၀	ပြည်တွင်းသတင်းအကျဉ်း
၉း၁၀	တေးဂီတအစီအစဉ်
၉း၁၅	ရေကူးရအောင်
၉း၃၅	တေးဂီတအစီအစဉ်
၉း၄၀	ကမ္ဘာ့အမြင် ကမ္ဘာ့စီးပွား (ဦးမျိုးမြတ်သူ၊ ဒေါက်တာခင်မောင်ညို)
၁၀း၁၅	တေးဂီတအစီအစဉ်
၁၀း၂၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၂၅	အင်းတော်ကြီးကန် ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး
၁၀း၃၅	တေးဂီတအစီအစဉ်
၁၀း၄၀	အသည်းရောင် အသားဝါ(စီ) ရောဂါပိုးကို ကုသနိုင်သော နည်းလမ်းများ(အပိုင်း-၂)
၁၁း၀၀	တေးဂီတအစီအစဉ်
၁၁း၀၅	ပြည်တွင်းသတင်းအကျဉ်း
၁၁း၁၅	ဆန်စက်ဖွံ့ဖြိုး တို့ပြည်အကျိုး
၁၁း၃၀	တေးဂီတအစီအစဉ်
၁၁း၃၅	ဓလေ့ရိုးရာရှမ်းရွာကလေးများ
၁၁း၄၅	တေးဂီတအစီအစဉ်
၁၁း၅၀	နိုင်ငံတကာ ပိုက်ကျော်ခြင်းပြိုင်ပွဲ
၁၂း၀၀	MRTV-4 အပိတ် Logo

အထက်ပါ (၅)နာရီစာ အစီအစဉ်များကို ည (၂၃း၀၀) နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

English Premier League ဘောလုံးပွဲစဉ်

ညပိုင်း အစီအစဉ်
လိုင်း: Blackburn-Wigan
5-Sports (Live)

အားကစားနှင့် ပညာရေးပေါင်းစပ်သင်တန်းနှင့် အားကစားလေ့ကျင့်ရေး သင်တန်းဖွင့်မည်

ရန်ကုန် ဧပြီ ၂

အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန လက်အောက်ရှိ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်)နှင့် အားကစားနှင့် ကာယပညာသိပ္ပံ (မန္တလေး)တို့တွင် အားကစားနှင့်ပညာရေး ပေါင်းစပ်သင်တန်းနှင့် အားကစားလေ့ကျင့်ရေး သင်တန်းတို့ကို ဇွန်လမှ စတင်ဖွင့်လှစ် သင်ကြားမည်ဖြစ်သည်။

အားကစားနှင့်ကာယပညာသိပ္ပံ (ရန်ကုန်)တွင် ဘောလုံး၊ ဘော်လီဘော၊ ပြေးခုန်ပစ်၊ ရေကူး၊ အလေးမ၊ ကျွမ်းဘား၊ လက်ဝှေ့၊ ဂျူဒို၊ မြားပစ်၊ ဝူရှူး၊ ကြက်တောင်၊ တိုက်ကွမ်ဒို၊ တင်းနစ်နှင့် ပိုက်ကျော်ခြင်း စုစုပေါင်း အားကစားနည်း ၁၄ မျိုး လေ့ကျင့် သင်ကြားပေးမည်ဖြစ်သည်။ အဆိုပါ သင်တန်းသို့ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်း၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ပဲခူးတိုင်း၊ တနင်္သာရီတိုင်း၊ ကရင်ပြည်နယ်နှင့် ကယားပြည်နယ်တို့မှ သင်တန်းသားများအား လက်ခံသင်ကြားပေးမည်ဖြစ်သည်။

အားကစားနှင့် ကာယပညာသိပ္ပံ (မန္တလေး)တွင် ဘောလုံး၊ ဘော်လီဘော၊ ပြေးခုန်ပစ်၊ ရေကူး၊ လက်ဝှေ့၊ အလေးမ၊ ကျွမ်းဘား၊ ဝူရှူး၊ ပိုက်ကျော်ခြင်းနှင့် တင်းနစ် စုစုပေါင်း အားကစားနည်း ၁၀ မျိုး လေ့ကျင့် သင်ကြားပေးမည် ဖြစ်သည်။ အဆိုပါ သင်တန်းသို့ မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်း၊ မကွေးတိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ ရှမ်းပြည်နယ် (တောင်ပိုင်း)နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)တို့မှ သင်တန်းသားများအား လက်ခံသင်ကြားပေးမည်ဖြစ်သည်။

အားကစားနှင့် ပညာရေးပေါင်းစပ်သင်တန်း တက်ရောက်သူများသည် သတ်မှတ်ချိန်အတိုင်း အားကစားလေ့ကျင့်ပြီးမှ (သတ္တမတန်းမှ ဒသမတန်းအထိ) ပညာသင်ကြားပေးမည်ဖြစ်ရာ အခြေခံပညာ အလယ်တန်းအတွက် ဇွန်လ ၁ရက်နေ့တွင် အသက် (၁၅)နှစ်ထက်မကြီးသူ၊ အခြေခံပညာအထက်တန်းအတွက် ဇွန်လ ၁ ရက်နေ့တွင် အသက် (၁၇)နှစ် ထက်မကြီးသူ ဖြစ်ရမည်ဖြစ်သည်။

အားကစားလေ့ကျင့်ရေး သင်တန်းသည် အားကစားလေ့ကျင့်ရေး သီးသန့်သင်တန်းဖြစ်၍ ပညာသင်ကြားရေး မပါဘဲ အခြေခံပညာ အလယ်တန်းအဆင့်ရှိပြီး ဇွန်လ ၁ရက်တွင် အသက် (၁၆)နှစ်မှ (၂၀)အတွင်းရှိသူ၊ အနည်းဆုံး အရပ် ၅ ပေ ၆ လက်မနှင့် ကိုယ်အလေးချိန်ပေါင် ၁၁၀ ရှိသူ၊ အနည်းဆုံးသက်တမ်းအလိုက် ပြည်နယ်နှင့်တိုင်း အဆင့်အထိ ကစားဖူးသူ ဖြစ်ရမည်ဖြစ်သည်။

တက်ရောက်ကြမည့် သင်တန်းသားများအနေဖြင့် သက်ဆိုင်ရာ အားကစားနည်းအလိုက် အားကစားအဆင့်၊ ကျွမ်းကျင်မှုနှင့် ကြံ့ခိုင်စွမ်းရည်တို့ စစ်ဆေးခံရမည်ဖြစ်ကြောင်း သိရသည်။ (ကြေးမုံ)

ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများနှင့် လူပုဂ္ဂိုလ်များအား ချီးကျူးဂုဏ်ပြုပွဲကျင်းပ

ရန်ကုန် ဧပြီ ၂

ဧရာဝတီတိုင်း၏ ဂုဏ်ဆောင် ဆရာတော်ကြီးများ ဖြစ်တော်မူကြသော နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တဩဘာသ ဘိဝံသ၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိသုတ ဆရာတော်ကြီးနှစ်ပါး၊ ပုသိမ်ခရိုင် အတွင်းမှ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ရှစ်ပါးနှင့် ဗုဒ္ဓသာသနာတော်အား ထူးကဲစွာ လှူဒါန်းထောက်ပံ့ ပူဇော်ကြသည့် ဥပါသကာ သုံးဦးတို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ချီးမြှင့်ခံရသည့်အတွက် ယင်းတို့အား ချီးကျူးဂုဏ်ပြုပူဇော်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကြားတောရလမ်း၊ အမှတ်(၂၁/၄၃)စီရှိ ဧရာဝတီတိုင်း ဓမ္မာရုံ၌ ကျင်းပသည်။

ရှေးဦးစွာ ပုသိမ်အသင်း (ရန်ကုန်) အတွင်းရေးမှူး ဦးကျော်ကျော်ဝင်းက အခမ်းအနားဖွင့်စာတမ်းကို ဖတ်ကြားလျှောက်ထားသည်။ ရှေးဦးစွာ ဝေဠုဝန်သာသနာပိုင် ဆရာတော် ဘဒ္ဒန္တနာဂဝံသ ဆရာတော်ထံမှ ပရိသတ်များက ငါးပါးသီလ ခံယူတည်ဆောက်ကြသည်။ ဆက်လက်၍ ပုသိမ်အသင်း (ရန်ကုန်)ဥက္ကဋ္ဌ သီရိသုဓမ္မဇောတဓရ ဦးစိုးဟန်လင်းက ဆရာတော်များအား ပူဇော်ရခြင်းအကြောင်း လျှောက်ထားကာ ကြွရောက်လာကြသော ဧည့်ပရိသတ်တို့က ဆရာတော်များအား ဂုဏ်ပြုလွှာနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ဘွဲ့တံဆိပ်တော်ရ လူပုဂ္ဂိုလ်တို့အား ဂုဏ်ပြုလွှာများ ပေးအပ်ပြီးနောက်နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ဆရာတော် ဘဒ္ဒန္တဩဘာသဘိဝံသထံမှ အနုမောဒနာတရားနာယူ၍ ရေစက်သွန်းချ အမျှပေးဝေကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ဒုလ္လဘရဟန်းခံနှင့် သီလရှင်ဝတ်ပွဲကျင်းပ

ရန်ကုန် ဧပြီ ၂

မွန်ပြည်နယ် ကျိုက်ထိုမြို့ ဆိပ်ဖူးတောင်လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာတွင် ဒုလ္လဘရဟန်းခံ၊ ရှင်သာမဏေပြုပွဲနှင့် သီလရှင်ဝတ်ပွဲကို မိဘနှစ်ပါးဖြစ်ကြသော (ဦးခင်မောင်မောင်၊ ဒုတိယဝန်ကြီး (ငြိမ်း)၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန)နှင့် (ဒေါ်မိမိခင်) (သီဟသုဓမ္မသင်္ဂဳ၊ သီရိသုဓမ္မသင်္ဂဳ၊ အဂ္ဂမဟာသီရိသုဓမ္မသင်္ဂဳ၊ လူမှုထူးချွန်ပထမဆင့်)တို့အား ရည်စူး၍ သားသမီးများ ဖြစ်ကြသော ကိုတိုး၊ ကိုစိုး၊ ကိုဖြိုးနှင့် မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်နှင့် ဇနီး ဒေါ်မိုးသီတာ၊ မြေး ခင်အင်ကြင်းတို့က မတ် ၃၁ ရက် နံနက် ၉နာရီတွင် ကျင်းပသည်။

ရှေးဦးစွာ ဧည့်ပရိသတ်များက ရွှေကျောင်းဆရာတော် ဘဒ္ဒန္တကုသလထံမှ ငါးပါးသီလခံယူ ဆောက်တည်ကြသည်။ ထို့နောက် ဆရာတော်များအား အလှူရှင်မိသားစုက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး **(အပေါ်ပုံ)** ရွှေကျောင်းဆရာတော်ဘဒ္ဒန္တ ကုသလထံမှ ရေစက်ချ အနုမောဒနာတရားနာယူ၍ ရေစက်သွန်းချ အမျှပေးဝေသည်။ (က-ပ)

သတိ

၁။ လေပေါင်(၁၀၀)မှ (၁၅၀)အထိ အတင်အချ ပြုလုပ်၍ ရသည့် ကွန်ပရက်ဆာပန့်များဖြင့် ရေပက်ကစားခြင်းကြောင့် ရေစူးအားပြင်းလွန်း၍ ရေပက်ခံရသူတွင် အသားအရေများ ပွန်းပဲ့စုတ်ထွက်နိုင်ခြင်း၊ မျက်စိ၊ နားများအားထိုးမိပါက မျက်လုံး၊ နားကန်းနိုင်ခြင်း အန္တရာယ်ဖြစ်စေနိုင်ပါသဖြင့် ရေကစားမဏ္ဍပ်များ၊ ရေပက်ခံကားများတွင် ကွန်ပရက်ဆာပန့်များ အသုံးပြု၍ ရေပက်ခြင်းမပြုရန် တားမြစ်ပါသည်။

၂။ သင်္ကြန်ရေပက်ကစားခြင်းအား သင်္ကြန်ရက်များအတွင်း နေ့စဉ် နံနက်(၀၇၀၀)နာရီမှ (၁၈၀၀)နာရီအတွင်းသာ ရေပက်ကစားကြရန်နှင့် (၁၈၀၀)နာရီ နောက်ပိုင်း ရေပက်ကစားခြင်း မပြုရန် တားမြစ်ပါသည်။

၃။ တားမြစ်ချက်အား ဖောက်ဖျက်ပါက ထိရောက်စွာ အရေးယူခံရမည်ဖြစ်ပါသည်။

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

အဆင့်မြင့်တန်း ရှုံးထွက်ပွဲ ပြည်ထဲရေးနိုင် ကွာတားဖိုင်နယ်ပွဲများ ဆက်လက်ကျင်းပမည်

ရန်ကုန် ဧပြီ ၂

၂၀၀၅-၂၀၀၆ခု ဘောလုံးရာသီ အဆင့်မြင့်တန်း ကွင်းပိတ်ရှုံး/ထွက်ပြိုင်ပွဲကို ယနေ့ညနေ ၃နာရီ၄၅မိနစ်က အောင်ဆန်းအားကစားပြိုင်ကွင်းတွင် ဆက်လက်ကျင်းပရာ ပြည်ထဲရေး အသင်းက စွန်ရဲအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ကွာတားဖိုင်နယ်သို့ တက်ရောက်သွားသည်။

ပြည်ထဲရေးအသင်း တစ်ဂိုး။
(စည်သူဝင်း)
စွန်ရဲအသင်း ဂိုးမရှိ။
ဒိုင်လူကြီး ဦးလှတင်။

ခြေညီသောနှစ်သင်း တွေ့ဆုံသောပွဲဖြစ်၍ပွဲမှာ အပြန်အလှန်ရှိခဲ့ပြီး မိနစ် ၈၀ကျမှ အနိုင်အရှုံး အဖြေပေါ်ခဲ့ပြီး ပြည်ထဲရေးအသင်းက တစ်လုံးတည်းသောဂိုးဖြင့် အနိုင်ရရှိကာ ကွာတားဖိုင်နယ်သို့ တက်ရောက်သွားခြင်းဖြစ်သည်။

ဂိုးသွင်းခွင့်မရ

ပွဲစကတည်းက နှစ်သင်းစလုံး ဂိုးရရှိရေး တိုက်စစ်ဖွင့် ကစားကြသည်။ ပထမပိုင်းတွင် ပြည်ထဲရေးအသင်းက ပိုမို ထိုးဖောက်ကစားနိုင်သော်လည်း တစ်ဦးချင်း ထိုးဖောက်နေခြင်း၊ ဂိုးရရှိအောင် ဖန်တီးပေးမည့်သူမရှိဖြစ်နေ၍ တိုက်စစ်အားပျော့ကာ ဂိုးသွင်းခွင့်မရ ဖြစ်နေသည်။ စွန်ရဲအသင်းက ဂိုးရရှိရေး ကြိုးစားသော်လည်း ပြည်ထဲရေး နောက်တန်းကို မကျော်နိုင်၍ ပထမပိုင်းတွင် ဂိုးမရှိ သရေဖြစ်နေသည်။

ဒုတိယပိုင်းတွင် အနိုင်ရရှိရေး အတွက် နှစ်သင်းစလုံး ကစားအား မြှင့်တင်လာကြရာ ပွဲမှာသွက်လက်လာသည်။ ဒုတိယပိုင်းအစတွင် စွန်ရဲက ပြည်ထဲရေးထက် ပိုမိုတိုက်စစ်ဆင်နိုင်ခဲ့သည်။ သို့သော် ရရှိသည့် ဂိုးသွင်းခွင့်များကို ကြံသလို မကန်ဘဲ အပိုင်ကန်သွင်းခွင့်ရအောင် တည်နေ၍ အခွင့်မသာဘဲ အခွင့်အရေးများ ဆုံးရှုံးခဲ့ရသည်။ ပြည်ထဲရေးအသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ၃၅ မိနစ်တွင် ဘယ်တောင်ပံတွင် ရရှိသော ပြစ်ဒဏ်ဘောကို အသင်းခေါင်းဆောင် နေသူလှိုင်ကန်တင်ရာ စည်သူဝင်းက ပြေးဝင် ခေါင်းတိုက်သွင်းယူသွားခြင်း ဖြစ်သည်။ ထို့နောက်ပိုင်းတွင် စွန်ရဲက ချေပဂိုးရရှိရေး ကြိုးစားသော်လည်း ပြည်ထဲရေးအသင်းက ကာကွယ် ဖျက်ထုတ်နိုင်ခဲ့၍ ပြည်ထဲရေးအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိ သွားသည်။

ပြည်ထဲရေးအသင်းသည် ကွာတားဖိုင်နယ်၌ ဆောက်လုပ်ရေးအသင်းနှင့် ကစားရမည်ဖြစ်သည်။

ယနေ့ပွဲ
(အောင်ဆန်းကွင်း)
ပထမကွာတားဖိုင်နယ်
ပို့ဆောင်ရေးနှင့် ကာကွယ်ရေး

(ကြေးမုံ)

ပြည်ထဲရေးအသင်းမှ စည်သူဝင်း၏ ထိုးဖောက်မှုကို စွန်ရဲနောက်ခံလူ ဇော်သက်ခိုင် ဟန့်တားဖျက်ထုတ်စဉ်။ (ကြေးမုံ)

ဧပြီ ၂ရက်က သဃ်န်းကျွန်းမြို့နယ် စူဠဘွဲ့နှင်းသဘင်အခမ်းအနားကို မြို့နယ်ခန်းမ၌ ကျင်းပရာ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တဝိမလနှင့် ဆရာတော်၊ သံဃာတော်များအား မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်ခိုင်နှင့် ဇနီး ဒေါ်ချိုမာသိန်းတို့က လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းစဉ်။ (၅၀၆)

ဆပ်ပြာမိတ်ဆက်ပွဲနှင့် ကံစမ်းမဲဖွင့်ပွဲကျင်းပ

ရန်ကုန် ဧပြီ ၂

Excel Co.,Ltd.မှ ထုတ်လုပ်သည့် Royal Gold Soap ဆပ်ပြာစတင် မိတ်ဆက်ပွဲနှင့် Excel Treasure Tower ရှိဆိုင်များတွင် ဝယ်ယူသုံးစွဲခဲ့သူများအတွက် ကျေးဇူးတုံ့ပြန်သည့် ကျပ် သိန်း ၁၂၀ ကျော်ကံစမ်းမဲ ဖွင့်ပွဲ အခမ်းအနားကို ယနေ့ညနေ ၃နာရီတွင် ဗဟန်းမြို့နယ် ရွှေဂုံတိုင်မီးပွိုင့် အနီး ကမ္ဘာအေးစေတီလမ်းရှိ Excel Shopping Mall ၌ ကျင်းပသည်။

အခမ်းအနားတွင် Royal Gold Soap ဆပ်ပြာအကြောင်းရှင်းလင်း မိတ်ဆက်တင်ပြရာ ကြာရှည်အသုံးခံပြီး နူးညံ့သောဆပ်ပြာမြှုပ်၊ သပ်ရပ်သောထုပ်ပိုးမှု၊ အဆင့်မြင့်နည်းပညာဖြင့် ထုတ်လုပ်ပြီး Luxury ရေမွှေးစစ်စစ် ရနံ့များဖြင့် ထုတ်လုပ်ထားသည့် ဆပ်ပြာဖြစ်ကြောင်း၊ အသားအရေကို နူးညံ့ ချောမွေ့စေပြီး အသားအရေ ပျက်စီးခြင်းကို ကာကွယ်ပေးသည့် အပြင် ဖြူဖွေးလှပချောမွတ်စေသည့် ဆပ်ပြာဖြစ်ကြောင်း သိရှိရသည်။

မိတ်ဆက်ပွဲအပြီးတွင် သရုပ်ဆောင် သက်မွန်မြင့်၊ ကင်းကောင်၊ ကုသိုလ် တို့က Talent & Models အဖွဲ့တို့နှင့် အတူ Royal Gold Soap ၏ ပျော်ရွှင်ဖွယ် Game ကစားပြီး တက်ရောက်လာသူများအား အမှတ်တရ လက်ဆောင်များပေးအပ်သည်။

Royal Gold Soap ၏အရောင်းမြှင့်တင်ရေး အခမ်းအနားကို ဧပြီ ၂၃ရက် (တနင်္ဂနွေနေ့) တွင် မွန်းတည့် ၁၂နာရီမှ ညနေ ၅နာရီထိ ကျင်းပမည်ဖြစ်ပြီး နာမည်ကျော်စတီရီယို အဆိုတော်များက The Tree Band. တို့မှ Talents & Models အဖွဲ့တို့နှင့်အတူ Royal Gold Soap ၏ ပျော်ရွှင်ဖွယ် Game ကစားခြင်းကိုတင်ဆက်ပြီး မေတ္တာလက်ဆောင်များပေးအပ်မည်ဖြစ် ကြောင်းသိရှိရသည်။ (သတင်းစဉ်)

Royal Gold Soap ဆပ်ပြာစတင်မိတ်ဆက်ပွဲနှင့် Excel Treasure Tower ကံစမ်းမဲဖွင့်ပွဲအခမ်းအနားကို Excel Shoppring Mall တွင်ကျင်းပစဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို ဘားအံခရိုင် ခြစည်းရိုးကြက်ဆူ မျိုးစေ့ချ အခမ်းအနားတွင် ကြက်ဆူဆီဖြင့် အသုံးပြုသည့် မီးဖိုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို ဘားအံခရိုင် ခြံစည်းရိုးကြက်ဆူမျိုးစေ့ချ အခမ်းအနား တက်ရောက် ပိုင်ကျုံချောင်းကူးတံတား တည်ဆောက်မှုလုပ်ငန်းများနှင့် ပိုင်ကျုံမြို့ဦးစေတီမြေနေရာ ကြည့်ရှု

ရန်ကုန် ဧပြီ ၂

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့်အတူ မတ် ၃၀ ရက် နံနက် ၆ နာရီခွဲတွင် ဘားအံတပ်နယ် ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပွဲ အခမ်းအနားသို့ တက်ရောက်၍ ကြက်ဆူစိုက်ခင်းတွင် ခြံစည်းရိုးကြက်ဆူ မျိုးပွားကိုင်းပင်များကို စိုက်ပျိုးကြပြီး တပ်နယ်ရှိ အရာရှိ၊ စစ်သည် မိသားစုဝင်များ၏ စိုက်ခင်းအတွင်းခြံစည်းရိုးကြက်ဆူပျိုးပင်များ တပျော်တပါး စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှု အားပေးသည်။

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် တိုင်းမှူးတို့သည်

စာမျက်နှာ ၉ ကော်လံ ၁ သို့ ✱

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✱ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✱ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✱ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✱ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✱ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✱ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✱ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်း အနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✱ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✱ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✱ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- ✱ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✱ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ခပေါင်းရေလှောင်တမံ ဘက်စုံစီမံကိန်းလုပ်ငန်းများ ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး ကြည့်ရှုစစ်ဆေး

ရန်ကုန် ဧပြီ ၂

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးသည် ဧပြီ ၁ရက် နံနက် ၁၁နာရီတွင် ပဲခူးတိုင်း အုတ်တွင်းမြို့နယ် ခပေါင်းရေလှောင်တမံ ဘက်စုံစီမံကိန်း ရေလွှဲဆည်တည်ဆောက်မှုလုပ်ငန်း၏ ရေလွှဲ ဆည်အောက်ခြေပိုင်း ကွန်ကရစ်လောင်းလုပ်ငန်းနှင့် အပေါ်ပိုင်းအဆောက်အအုံ တည်ဆောက်ရန် ပြင်ဆင်နေမှုလုပ်ငန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၉ ကော်လံ ၅ သို့ ❁

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး ပဲခူးတိုင်း အုတ်တွင်းမြို့နယ် ခပေါင်းရေလှောင်တမံ ဘက်စုံစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။ (လယ်ယာ/ဆည်မြောင်း)

ယနေ့မိုးလေဝသ

၃-၄-၂၀၀၆

နေပြည်တော်မြို့တော်

နေပြည်တော်မြို့တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာဖွယ်ရာ ရှိသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

မန္တလေး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

ကြေးမုံ ခင် တာ နက် သ တင်း

စင်ကာပူတွင် ဂျာရွန်းကန်တော်ကြီးဥယျာဉ် ဖွင့်လှစ်

စင်ကာပူ ဧပြီ ၂

စင်ကာပူနိုင်ငံရှိ ဂျာရွန်းကန်တော်ကြီးကို ကန်တော်ကြီးဥယျာဉ်အဖြစ်သို့ စနေနေ့တွင် ပြောင်းလဲဖွင့်လှစ်လိုက်သည်။

ဂျာရွန်းကန်တော်ကြီးကို ဥယျာဉ်ကြီးတစ်ခုအဖြစ် ပြောင်းလဲဖွင့်လှစ်လိုက်ခြင်းဖြင့် ပြည်သူများ ပျော်ရွှင်စွာ အပန်းဖြေနားနေနိုင်ကြမည်ဖြစ်သည်။

၂၁၃သမ ၈ ကီလိုမီတာ အရှည်ရှိ ဂျာရွန်းကန်တော်ကြီးတွင် ဒေသခံပြည်သူများ အနေဖြင့် လောင်းလှေငယ်များကိုစီးကာ သာယာလှပသော ရှုခင်းများကို ခံစားနိုင်ကြမည်ဖြစ်သည်။

စာမျက်နှာ ၉ ကော်လံ ၁ သို့ ●

စင်ကာပူနိုင်ငံတွင် ဧပြီ ၁ ရက်က ဖွင့်လှစ်လိုက်သော ဂျာရွန်းကန်တော်ကြီး ဥယျာဉ်နယ်မြေအတွင်း ကျက်စားသည့် ငှက်များကိုတွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)